ဦးနန္ဒိယ

# မိုးမိတ်စေတီတော်ကြီးများ
# ပြုပြင်စောင့်ရှောက်ရေးနှင့်
# တိပိဋက=နိကာယ
# သာသနာပြု အဖွဲ့

# ၏

# စည်းမျဉ်းဥပဒေ

# နှင့်

# ဂေါကိုင် ဆောင်ရွက်
# ရမည့် အခြေခံ
# သတ်မှတ်ချက်များ

၂၄၂၅၂

စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်း
တိုက်နယ်၊ ထန်းမြင့် ရွာဦးရှိ မိုးမိတ် စေတီ
တော်ကြီးများ ပြုပြင် စောင့်ရှောက်ရေးနှင့်

# တိပိဋက=နိကာယ
# သာသနာပြု အဖွဲ့
# ၏

# စည်းမျဉ်းဥပဒေ
# နှင့်

# လုပ်ကိုင် ဆောင်ရွက်
# ရမည့် အခြေခံ
# သတ်မှတ်ချက်များ

သာသနာ

ကြီးများပြုမြင်

ဝိ + သု + အ

မင်းကွန်းတောင်ရိုး

မိုးမိတ်ကုန်းမြေ

တိပိဋက = နိကာယ သာသနာပြုအဖွဲ့ ဖွဲ့စည်းလာသဖြင့် ၁၉၇၈–ခု၊ နိုဝင်ဘာလ (၁၅) ရက်နေ့တွင် အဖွဲ့၏ တာဝန်ပေးချက်အရ ဆရာဝန်ကြီး ဦးသာလှက ရေးသား၍ မင်းကွန်း တိပိဋကဓရ ဆရာတော် တည်းဖြတ်ပြင်ဆင်ပြီးလျှင် ၁၉၈၁ ခု၊ နိုဝင်ဘာလ (၃) ရက်နေ့တွင် ထပ်မံ ဖြည့်စွက် ပြင်ဆင် ရေးသား၍ အတည်ပြုသည်။

မိုးမိတ် စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး အဖွဲ့ကို ၁၃၂၃–ခု၊ တော်သလင်းလပြည့်နေ့တွင် ဖွဲ့စည်း၍ ၁၃၂၃–ခုနှစ်၊ တော်သလင်း လပြည့်နေ့မှ စတင်၍ ဗုဒ္ဓပူဇနီယပွဲတော်နှင့် တောင်လုံးကျွတ် ရဟန်း/သီလရှင်များအား သင်္ကန်း/ဝတ်စုံ အလှူပွဲကြီး နှစ်စဉ်ကျင်းပခဲ့သည်။

တိပိဋက=နိကာယ သာသနာပြု အဖွဲ့နှင့် ရန်ကုန် အဖွဲ့ခွဲကို ၁၃၄၀–ပြည့်နှစ်၊ မြန်မာနှစ်ဆန်း တရက်နေ့တွင် ဖွဲ့စည်းပြီး တိပိဋက=

နိကာယ ကျောင်းတိုက်ကို ၁၃၄၀-ပြည့်နှစ်၊ ဝါဆိုလဆန်း (၅) ရက်နေ့တွင် ဖွင့်လှစ်သည်။

၁၃၄၂-ခု၊ တန်ဆောင်မုန်း လပြည့်ကျော် (၁) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁၂)၊ နယူးလင်းလမ်းတွင် တိပိဋက ကျောင်းတော်နှင့် ရန်ကုန် ဌာနခွဲကို ဖွင့်လှစ်သည်။

# နိဒါန်း

**စိရံ တိဋ္ဌတု ဇိနသာသနံ။** ။ဗုဒ္ဓမြတ်စွာ သာသနာသည် အနှစ်ငါးထောင် ရှည်မြင့်ကြာအောင် ထွန်းပြောင် တည်တံ့ပါစေသတည်း။

စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတိုက်နယ်၊ ထန်းမြင့် ရွာဦးရှိ မိုးမိတ် စေတီတော်ကြီးများနှင့် တကွ ထိုစေတီတော်ကြီးများနှင့် စပ်လျဉ်းသည့် အရပ်ရပ် ယုံမှတ် အပ်နှံထားသော ဘဏ္ဍာတော် ပစ္စည်းများ, သာသနိက အဆောက်အအုံများ, ဝတ္ထုကံမြေများ, ၎င်းတို့နှင့် ဆက်စပ် ဖြစ်ထွန်း ပေါ်ပေါက်လာသည့် (ပေါ်ပေါက်လာမည့်) အခြား ဘဏ္ဍာပစ္စည်းများ, အဆောက်အအုံများကို ထိန်း

သိမ်း စောင့်ရှောက်မှု, ပြုပြင် မွမ်းမံမှု, စီမံ အုပ်ချုပ် လုပ်ဆောင်မှုတို့အတွက် ဖော်ပြလတ္တံ့သော ဖြည့်စွက် ရေးသားသည့် စည်းမျဉ်း ဥပဒေကို နာယက အဖွဲ့ဝင် ဆရာတော်များနှင့် ဥပါသကာ အဖွဲ့ဝင်တို့ တက်ရောက်ကြသော (၁၃၄၃) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၈) ရက်နေ့၊ (၁၉၈၁) ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့တွင် ကျင်းပသော သင်းလုံးကျွတ် အစည်းအဝေးကြီးမှ ပြဋ္ဌာန်း အတည်ပြုသည်။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## (၁)။ ။ဥပဒေ အမည် (နှင့်) တည်နေရာ

ဤဥပဒေကို ''စစ်ကိုင်းတိုင်း၊ စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတိုက်နယ်၊ ထန်းမြင့်ရွာဦးရှိ မိုးမိတ် စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး (နှင့်) တိပိဋက=နိကာယ သာသနာပြု အဖွဲ့'' တို့၏ စည်းမျဉ်း ဥပဒေ''ဟု ခေါ်တွင်စေရမည်။

ဤအဖွဲ့၏ တည်နေရာသည် စစ်ကိုင်းမြို့နယ်၊ မင်းကွန်းတိုက်နယ်၊ ထန်းမြင့်ရွာဦးရှိ မိုးမိတ် စေတီတော်ကြီးများ၏ သတ်မှတ် နယ်မြေ အတွင်း၌ ဖြစ်စေရမည်။

## (၂)။ ။ဥပဒေ၏ အာဏာ

(က) ဤဥပဒေသည် (၁၃၄၃) ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၇) ရက်၊ (၁၉၈၁) ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့ မိုးမိတ်

စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး (နှင့်) တိပိဋက=နိကာယ သာသနာပြု အဖွဲ့ တို့၏ သင်းလုံးကျွတ် အစည်း အဝေးကြီးမှ အများ သဘောတူညီသည်နှင့် တပြိုင်နက် အတည်ပြု ပြဋ္ဌာန်းပြီး ဖြစ်သည်ဟု မှတ်ယူရမည့် အပြင် အဖွဲ့၏ အမည်ကိုလည်း "မိုးမိတ် စေတီ တော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး (နှင့်) တိပိဋက=နိကာယ သာသနာပြု အဖွဲ့"ဟု ခေါ် တွင်စေရမည်။

(ခ) ဤဥပဒေကို အတည်ပြု ပြဋ္ဌာန်း ပြီးသည်နှင့် တပြိုင်နက် အထက်က ဤအဖွဲ့မှ လိုက်နာ ပြုလုပ်ရန် စီမံထားသော ပြဋ္ဌာန်းချက် စည်းကမ်းများအရ ဆောင်ရွက် ပြီးစီးခဲ့သော ကိစ္စရပ်များမှာ ဤဥပဒေအရ ဆောင်ရွက် ပြီး စီးကြောင်း မှတ်ယူရပါမည်။

## (၃)။ ။ဥပဒေ အာဏာ သက်ရောက်ရာ နယ်ပယ်အဝှန်း

ဤဥပဒေသည် ပုံးတွဲပါ မြေပုံအရ လည်း ကောင်း၊ (တိုးချဲ့လာမည့်) အစပ် နယ်မြေ လေးရပ် နယ်ရှစ်ရပ်တို့ဖြင့် သတ်မှတ် ထား

သော မိုးမိတ် စေတီတော်များ ဝတ္ထုကံ နယ်မြေအတွင်းရှိ ''မိုးမိတ် စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး (နှင့်) တိပိဋက= နိကာယ သာသနာပြု အဖွဲ့တို့က ထိန်းသိမ်း စောင့်ရှောက် စီမံ အုပ်ချုပ်လျက်ရှိသော စေတီ ပုထိုး အဆောက်အအုံ ကျောင်းကန် ဥယျာဉ် စသည်များနှင့် လှူဒါန်းထားသည့် ရွှေ့ပြောင်း နိုင်သော ပစ္စည်းများ, မရွှေ့ပြောင်းနိုင်သော ပစ္စည်းများ အားလုံးနှင့် သက်ဆိုင်စေရမည်။

## (၄)။ ။ဖွဲ့စည်းပုံ (နှင့်) ရည်ရွယ်ချက်

(က) မိုးမိတ် စေတီတော်ကြီးများ (နှင့်) တိပိဋက=နိကာယသာသနာပြု လုပ်ငန်းများ၏ ဗုဒ္ဓသန္တက+စေတိယသန္တက+သာသနိက ဖြစ်သော ဂရုဘဏ်+လဟုဘဏ်ပစ္စည်း, ဥပနိက္ခိတ္တ ပစ္စည်း, တကြုပ္ပါဒ ပစ္စည်း, ဝေယျာဝစ္စ အနာမာသဝတ္ထု ပစ္စည်း, ဒါယကာတို့သည် ညွှန် ကြားအပ်သော ယထာဥဒ္ဒိဋ္ဌ ပစ္စည်းများကို အရာဌာန နေသားတကျ ဝိနည်း ဓမ္မကံ ကျန အောင် စီမံ ခန့်ခွဲ သုံးစွဲပြုလုပ် အုပ်ချုပ်ရန်

အမှုဆောင် အဖွဲ့အား လက်ရှိ အုပ်ချုပ်မှုနာယက ဆရာတော် (၉) ပါးတို့က ညီညွတ်တိုင်ပင်၍ ရွေးချယ် ခန့်ထားရမည်။

(ခ) ဗုဒ္ဓ+ဓမ္မ+သံဃာ=ရတနာ သုံးပါးနှင့် ပရိယတ္တိ သာသနာအား ပူဇော် ပြုစု လုပ်ကျွေးလှူဒါန်းရန်အတွက် လိုအပ်ပါက မိုးမိတ် စေတီတော်များ ပြုပြင် စောင့်ရှောက်ရေး (နှင့်) တိပိဋက=နိကာယ သာသနာပြုအဖွဲ့ဝင် ပုဂ္ဂိုလ်များ ပါဝင်သည့်အဖွဲ့ တိုးချဲ့ ဖွဲ့စည်း၍ သာသနာပြု လုပ်ငန်းများ ဆောင်ရွက်နိုင်စေရမည်။

(ဂ) မိုးမိတ် စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေး (နှင့်) တိပိဋက = နိကာယ သာသနာပြု အဖွဲ့နှင့် ၎င်းတို့မှ ထပ်မံ ပေါ်ပေါက်လာမည့် တိုးချဲ့ သာသနာပြုအဖွဲ့များနှင့် စပ်လျဉ်းသည့် ဘဏ္ဍာတော် ပစ္စည်းရပ်များကို စီမံ ဆောင်ရွက်နိုင်ရန်အတွက် အောက် ဖော်ပြပါ ဖွဲ့စည်းပုံ ဇယားနှင့် အခြေခံ စည်းမျဉ်းများအရ ဖွဲ့စည်း ထားရှိစေရမည်။

မင်းကွန်းတောင်ရိုး မိုးမိတ် စေတီတော်ကြီးများ ကုန်းမြေရှိ "မိုးမိတ် စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး (နှင့်) တိပိဋက=နိကာယ သာသနာပြုအဖွဲ့"

## ဖွဲ့စည်းပုံ ဇယား

အုပ်ချုပ်မှု နာယကအဖွဲ့

ဆရာတော်ကြီး (၉) ပါး

ဆရာတော်ကြီးများမှ ရွေးချယ်တင်မြှောက်သော—

| | |
|---|---|
| အလုပ် အမှုဆောင် အဖွဲ့ | ရန်ကုန်ဌာနခွဲ အမှုဆောင်အဖွဲ့ |

အလုပ် အမှုဆောင် အဖွဲ့ (နှင့်) ရန်ကုန်ဌာနခွဲ အမှုဆောင်အဖွဲ့မှ ရွေးချယ်တင်မြှောက်အပ်သော—

(က) ဂုဏ်ထူးဆောင် နာယက လူကြီးမင်းများ၊

(ခ) တွဲဖက် အမှုဆောင် လူကြီးမင်းများ၊

(ဂ) မြို့နယ်/ရပ်ကွက်/ကျေးရွာ အကျိုးတော်ဆောင်များ၊

မှတ်ချက်။ ။(၁) အလုပ်အမှုဆောင် အဖွဲ့သည် အထက် မြန်မာပြည်ရှိ မြို့နယ် / ရပ်ကွက် / ကျေးရွာ အကျိုးတော်ဆောင်များနှင့် ဆက်သွယ် ဆောင်ရွက်ရမည့် လုပ်ငန်းများကိုပါပူးတွဲဆောင်ရွက်ရမည်။

(၂) ရန်ကုန် ဌာနခွဲ အမှုဆောင်အဖွဲ့သည် အောက် မြန်မာပြည် မြို့နယ်/ရပ်ကွက်/ကျေးရွာ အကျိုးတော်ဆောင်များနှင့် ဆက်သွယ် ဆောင်ရွက်ရမည့် လုပ်ငန်းများကို တာဝန်ယူရမည်။

## (၅)။ ။အုပ်ချုပ်မှု သံဃ နာယက အရည် အချင်း

သံဃာတော် နာယကများသည် အောက်ပါ အရည်အချင်းများနှင့် ယေဘုယျအားဖြင့် ပြည့်စုံစေရမည်။

(က) မင်းကွန်းတောင်ရိုးတွင် အမြဲ နေထိုင်သည့် သိက္ခာ ဝါ (၂၀) အောက် မနည်း ရှိ၍ သိက္ခာ ကာမ လဇ္ဇီ ပေသလ ဝိနယဂရုကဂုဏ်တို့နှင့် ပြည့်စုံခြင်း၊

(ခ) ဗုဒ္ဓသန္တကကို ဝေဖန် စိစစ် စနစ် တကျ ဩဝါဒ ပေးနိုင်လောက်သည့် ပရိယတ္တိ ဝိသာရဒ ဗဟုသုတဂုဏ်နှင့် ပြည့်စုံခြင်း၊

(ဂ) စေတီတော်ကြီးများ၏ ဗုဒ္ဓ ဝေယျာဝစ္စနှင့် တိပိဋက=နိကာယ သာသနာပြု လုပ်ငန်းများ၌ တိုးတက် ကြီးပွားရာ ကြီးပွားကြောင်းများကို အမြဲ ရှေးရှုပြီး ဝိနည်း ဓမ္မကံနှင့်အညီ နေ့နေ့ ညဉ့်ညဉ့် ထကြွ လုပ်ကိုင်ဆောင်ရွက်နိုင်စွမ်း ရှိခြင်း၊

(ဃ) အဂတိလေးပါး လိုက်စားမှုမှ ကင်းရှင်းခြင်း၊

(င) နာယကဂုဏ် (၆) ပါးတို့နှင့် ပြည့်စုံခြင်း။

## (၆)။ ။အုပ်ချုပ်မှု သံဃ နာယကအဖြစ်မှ ရပ်စဲခြင်း

အလဇ္ဇီ ဒုဿီလ အမှုကို ပြုလျှင် လည်းကောင်း, ပြောဆိုခက်သူ=ဒုဗ္ဗစပုဂ္ဂိုလ် ဖြစ်လျှင်လည်းကောင်း,သည်းခံနိုင်ခဲသူဖြစ်လျှင် လည်းကောင်း, သံဃ နာယကများနှင့် အဖွဲ့ဝင်ပုဂ္ဂိုလ်များကို မလေး မစား ပြုလုပ်လျှင် လည်းကောင်း, စေတီတော်ကြီးများ၏ အကျိုးနှင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့၏ ဆောင်ရွက်လျက်ရှိသော သာသနာပြုလုပ်ငန်းများကို အာရုံမပြုလျစ်လျူရှုလျှင်သော်လည်းကောင်း, စေတီတော်ကြီးများ (နှင့်) အဖွဲ့၏ အကျိုးပျက်စီးရာ ပျက်စီးကြောင်း ကြံစည် ပြောဆိုလုပ်ကိုင်မှု ထင်ရှားလျှင် လည်းကောင်း, အယူတပါးသို့ ပြောင်းသွားလျှင် လည်းကောင်း, လူထွက်လျှင် လည်းကောင်း, ပြန်လွန်တော်မူလျှင် လည်းကောင်း၊ အခြားမြို့+ရွာသို့ အပြီး

ပြောင်းရွှေ့သွားလျှင် လည်းကောင်း သံဃနာယကအဖြစ်မှ ရပ်စဲပြီး ဖြစ်သည်ဟု မှတ်ယူရမည်။

## (၇)။ ။အုပ်ချုပ်မှု သံဃနာယက အစားထိုး ရွေးချယ်ခြင်း (နှင့်) တိုးချဲ့ခြင်း

(က) အစားထိုး ရွေးချယ် ခန့်ထားရန် လိုအပ်သောအခါ အုပ်ချုပ်မှု သံဃနာယက အဖွဲ့မှ အများစု ဆန္ဒဖြင့် အပိုဒ် (၅) အရ ဖော်ပြရာပါ အရည်အချင်းနှင့် ညီညွတ်သော ရဟန်းတော်အား ရွေးချယ်၍ အစားထိုး ခန့်အပ်နိုင်သည်။

(ခ) လုပ်ငန်း သဘာဝ အကြီးအသေးကို လိုက်၍ အုပ်ချုပ်မှု သံဃနာယက အဖွဲ့ဝင် ဦးရေ တိုးချဲ့ ခန့်ထားနိုင်ခွင့် ရှိပြီး အဖွဲ့တွင် သံဃ နာယက အဖွဲ့၏ လမ်းညွှန် ဩဝါဒ အတိုင်း လိုက်နာ ဆောင်ရွက်မည့် သံဃ နာယက အဖွဲ့၏ အကျိုးတော်ဆောင် ရဟန်းများ ထားရှိနိုင်ခွင့် ရှိသည်။

(ဂ) ''မိုးမိတ်စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေး (နှင့်) တိပိဋက=နိကာယ သာသနာပြုအဖွဲ့''တွင် သာမန် အဖွဲ့ဝင်များနှင့် ရာသက်ပန် အဖွဲ့ဝင်များအဖြစ် မြန်မာတိုင်းရင်းသား ဗုဒ္ဓဘာသာဝင်များ ပါဝင်နိုင်ခွင့် ရှိစေရမည်။

(ဂ)။ ။ဂုဏ်ထူးဆောင် နာယက လူကြီးများ၊

အမှုဆောင် လူကြီးများ၊

တွဲဖက် အမှုဆောင်လူကြီးများ၊

မြို့နယ်/ရပ်ကွက်/ကျေးရွာ အကျိုးတော်ဆောင် လူကြီးများ၏အရည်အချင်း၊

(က) မြန်မာနိုင်ငံ တိုင်းရင်းသား ဗုဒ္ဓဘာသာဝင် ဥပါသကာ ဖြစ်ခြင်း၊

(ခ) အမှုဆောင်၊ တွဲဖက်အမှုဆောင်နှင့် အကျိုးတော်ဆောင် လူကြီးများအတွက် အသက် (၄၀) နှစ် ပြည့်ပြီးသူဖြစ်၍ နာယက

လူကြီးများအတွက် အသက် (၅၀) နှစ်နှင့် အထက် ကြီးရင့်သူ ဖြစ်ခြင်း၊

(ဂ) လက်နက်ကုန် + အသားကုန် + ယစ်မျိုးကုန် + အဆိပ်ကုန် + ဟင်းလျာ အလို့ငှာ အခြေလေးချောင်း အခြေနှစ်ချောင်း အခြေမဲ့ကုန်တို့ကို ကူးသန်း ရောင်းဝယ်မှု မပြုလုပ်သူ ဖြစ်ခြင်း၊ ကုန်း ရေ လေ သတ္တဝါတို့ကို စီးပွားရေးအတွက် မွေးမြူ ကူးသန်း ရောင်းဝယ်မှု မပြုလုပ်သူ ပုဂ္ဂိုလ် ဖြစ်ခြင်း၊

(ဃ) လူသားတို့၏ အကျင့် စာရိတ္တ ဖောက်ပြန် ချွတ်ယွင်းခြင်းနှင့် စပ်လျဉ်းသည့် ရာဇဝတ် ရုံးတော်မှ ပြစ်မှု တစုံတရာအတွက် အပြစ် ထင်ရှားကြောင်း စီရင်ခြင်း မခံရသူ ဖြစ်ခြင်း၊

(င) တာဝန် ကင်းလွတ်ခြင်း မရှိသေးသော ကြွေး မဆပ်နိုင်သူ (အင်ဆော်လ်ဝင်) မဟုတ်ခြင်း၊

(စ) နတ်ဝင် နတ်ထိန်း မဟုတ်ခြင်း၊

(ဆ) မိုးမိတ် စေ တီ တော် ကြီး များ နှင့် တိပိဋက=နိကာယ သာသနာပြု လုပ်ငန်းတို့နှင့် ပတ်သက်၍ အသက်မွေးဝမ်းကျောင်း ရှာကြံ လုပ်ကိုင်သူ မဟုတ်ခြင်း (၅၂ အရည်အချင်း များနှင့် ပြည့်စုံသူ ဖြစ်ရပါမည်)။

(၉)။ ။နာယကလူကြီး + အမှုဆောင် + တွဲဖက် အမှုဆောင်နှင့် အကျိုး ဆောင် လူကြီးအဖြစ်မှ ရပ်စဲခြင်း။

မည်သည့် ဖော်ပြရာပါ ပုဂ္ဂိုလ်မဆို အောက် တွင် ဖော်ပြအပ်သော အကြောင်းတခုကြောင့် ဖြစ်စေ၊ တခုထက်ပိုသော အကြောင်းကြောင့် ဖြစ်စေ ဖော်ပြရာပါ လူကြီးများ အဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

(၁) အကြွေးမဆပ်နိုင်သူ (အင်ဆော်လ်ဗင်)ဟု တရားဥပဒေအရ တရားရုံးတော်မှ စီရင်ချက် ချမှတ်ခြင်း ခံရလျှင်၊

(၂) လူတို့၏ အကျင့်စာရိတ္တ ဖောက်ပြန် ချွတ်ယွင်းချက်နှင့် ပတ်သက်သည့် ရာဇဝတ်မှု

တစုံတရာအတွက် တရားရုံးတော်မှ ပြစ်မှု ထင်ရှားကြောင်း စီရင်ခြင်း ခံရလျှင်၊

(၃) ကုဋ္ဌနူနာ စွဲကပ်သူ (သို့မဟုတ်) ရူးသွပ်သောသူ ဖြစ်လာခဲ့လျှင်၊

(၄) ဗုဒ္ဓဘာသာ အယူကို ရပ်စဲခဲ့လျှင်၊

(၅) မိုးမိတ် စေတီတော်ကြီးများနှင့် အဖွဲ့မှ ပေးအပ်သော ဝေယျာဝစ္စ တာဝန်ကို ခံယူပြီးနောက် အကြောင်း မလုံလောက်ပဲ တာဝန်ကို လျစ်လျူပြုထားသည့် အပြစ် ထင်ရှားခဲ့လျှင်၊

(၆) ဘုရား+တရား+သံဃာ+ သာသနာ နှင့် စပ်လျဉ်းသော ကိစ္စကို ဆောင်ရွက် စီမံရာတွင် လာဘ်ပေး လာဘ်ယူမှု ထင်ရှားခဲ့လျှင်၊

(၇) ကွယ်လွန် အနိစ္စရောက်ခဲ့လျှင်၊

(၈) တာဝန်ယူထားသောလူကြီးအဖြစ်မှ 'ဆက်လက်၍ မဆောင်ရွက်လိုတော့ကြောင်း' နုတ်ထွက်စာ တင်သွင်း နုတ်ထွက်ခဲ့လျှင်၊

(၉) အပိုဒ် (၈)၊ အပိုဒ်ငယ် (၈) နှင့် (စ) အရ ပြုလုပ်လာလျှင် တာဝန်ယူထား

သော လူကြီးများအဖြစ်မှ ရပ်စဲပြီး ဖြစ်စေရမည်။

**(၁၀)။ ။လူပုဂ္ဂိုလ် နာယက၊ အမှုဆောင်၊ တွဲဖက် အမှုဆောင်၊ အကျိုးတော်ဆောင် လူကြီးများ၏ သက်တမ်း။**

(က) သက်တမ်းအားဖြင့် (၇) ခုနှစ်နှစ်သာ ရှိစေရမည်။

(ခ) (၇) ခုနှစ်နှစ် တကြိမ် ကျင်းပမြဲဖြစ်သော နှစ်ပတ်လည် အစည်းအဝေး ရောက်တိုင်း တာဝန်ခံအားလုံးတို့၏ သက်တမ်းသည် ကုန်ဆုံး၍ အုပ်ချုပ်မှုအဖွဲ့ နာယက ဆရာတော်များက ပြန်လည် ရွေးချယ် တင်မြှောက်ပေးရမည်။

(ဂ) (၇) ခုနှစ်နှစ် တကြိမ် ကျင်းပမြဲဖြစ်သော နှစ်ပတ်လည် အစည်းအဝေးမှာပင် သုံးပုံ နှစ်ပုံ တက်ရောက်သော အမှုဆောင်လူကြီးများက ဂုဏ်ထူးဆောင်နာယကများ + တွဲဖက် အမှုဆောင်များ + မြို့နယ်/ရပ်ကွက်/ကျေးရွာ အကျိုးတော်ဆောင်များကို ရွေးချယ် တင်မြှောက်ရမည်။

(၁၁)။ ။အဖွဲ့ကြီး၏ အလုပ် အမှုဆောင် လူကြီးများ၊ တွဲဖက် အမှုဆောင် များ၊ အကျိုးတော်ဆောင်များ၊ ရာသက်ပန် အဖွဲ့ဝင်များ၏ ဝတ္တရားများ။

အဖွဲ့ဝင်များ အားလုံးတို့သည် အောက်ပါ တာဝန်ဝတ္တရားများကို လိုက်နာ ကျင့်ဆောင် ရမည်။

(က) သတ်မှတ်ထားသော မိုးမိတ် စေတီ တော်ကြီးများ၏ နယ်မြေ အတွင်း၌ စေတီ တော်ကြီးများနှင့်တကွ အရံဖြစ်သော သာ သနိက အဆောက်အအုံများ + ကျောင်း + ကန် + ဥယျာဉ် စသည်တို့နှင့် သက်ဆိုင်သမျှ ထိန်းသိမ်း စောင့်ရှောက် ပြုပြင် မွမ်းမံမှု, ပြန် လည်ဆောက်လုပ်မှု, ဘုရားပွဲတော်နှင့် ပေါ် ပေါက်လာမည့် ပွဲတော်အသီးသီးတို့အား စီမံ အုပ်ချုပ်မှု စသော စေတီတော်ကြီးများနှင့် စပ် ဆိုင်သမျှသောကိစ္စ အဝဝတို့အပြင် ဗုဒ္ဓ+ဓမ္မ+ သံဃကိစ္စ တိပိဋက=နိကာယ ပရိယတ္တိ သာ

သနာပြု လုပ်ငန်းကိစ္စ အဝဝတို့ကို တာဝန်ယူ၍ ဆောင်ရွက်ရမည်။

(ခ) ယခုတည်ဆဲ စည်းကမ်း ဥပဒေ များနှင့် နောက်ထပ် ပြင်ဆင် ဖြည့်စွက်မည့် စည်းကမ်း ဥပဒေများကို အဖွဲ့ဝင်တိုင်းက လေး စားစွာ လိုက်နာ ကျင့်သုံးရမည်။

(ဂ) အဖွဲ့ဝင်တိုင်းသည် မိမိတို့ စွမ်းအား ရှိသလောက် စေတီတော်ကြီးများ၏ တိုးတက် ရာ တိုးတက်ကြောင်း, တိပိဋက = နိကာယ ပရိယတ္တိ သာသနာပြု လုပ်ငန်းများ တိုးတက် ရာ တိုးတက်ကြောင်းများကို အမြဲတစေ ရှေးရှု ဆောင်ရွက်ကြရမည်။

(ဃ) အဖွဲ့ များ အား ပျက် စီး စေ မည့် (သို့မဟုတ်) စေတီတော်ကြီးများနှင့် တိပိဋက= နိကာယ သာသနာပြု အဖွဲ့နှင့် ပတ်သက်သမျှ တို့ကို ထိပါး နှောင့်ယှက်လာမည့် မည်သည့် ကိစ္စရပ်ကိုကို မဆို ပေါ်ပေါက်လာသည်နှင့် တပြိုင်နက် အဖွဲ့ဝင် အားလုံးတို့သည် စုပေါင်း ညီညာစွာ တရားနည်းလမ်း ရှိသည့် အတိုင်း ကာကွယ် စောင့်ရှောက်ရမည်။

(၁၂)။ ။စေတီတော်ကြီးများ အရာမ်အတွင်းရှိ အဆောက်အအုံများနှင့် တိပိဋက=နိကာယ ကျောင်းတိုက်နှင့် တိုက်ခွဲများအား စီမံအုပ်ချုပ် ထိန်းသိမ်းမှု။

(က) မိုးမိတ်စေတီတော်ကြီးများသို့ ရည်ညွှန်း လှူဒါန်းအပ်သော ဗုဒ္ဓသန္တက=စေတိယသန္တက ပစ္စည်းများနှင့် စေတီတော်ကြီးများ၏ အရာမ်အတွင်းနှင့် သတ်မှတ်ထားသော နယ်မြေ အတွင်း၌ ရှေးက ရှိနှင့်ပြီး အဆောက်အအုံဟောင်းများ, အသစ် ဖြစ်ပေါ်လာသည့် (အသစ် ဖြစ်ပေါ်လာမည့်) အဆောက်အအုံသစ်များကို တရားဝင် ဖွဲ့စည်းထားသော အဖွဲ့၏ အမှုဆောင် လူကြီးများကသာ တာဝန်ယူ ထိန်းသိမ်း အုပ်ချုပ်သွားရမည်။

(ခ) မိုးမိတ် စေတီတော်ကြီးများ (နှင့်) တိပိဋက = နိကာယ ကျောင်းတိုက် နယ်မြေအတွင်း၌ အဆောက် အအုံ အသစ်များ ဆောက်လုပ်ခြင်းကို အဖွဲ့၏အမှုဆောင် လူကြီး

များက စနစ်တကျ ပံ့ပိုးပေး၍ နေရာချထား ပေးရမည့်အပြင် ရှိနှင့်ပြီး အဆောက်အအုံများ မကောင်း ဟောင်းနွမ်းနေသော (သို့မဟုတ်) ပြုပြင်၍ မဖြစ်တော့ပြီ ဖြစ်သော အဆောက် အအုံ ဟောင်းများနှင့် စေတီတော်ကြီးများ၏ ရှုကွင်း ရှုကွက် မျက်နှာစာကို အဆီးအတား သဖွယ် စည်းကမ်းမရှိ ဆောက်လုပ်ထားသော အဆောက်အအုံများကို သင့်လျော်ရာသို့ ဖျက် သိမ်း ပြောင်းရွှေ့ပေးရန် သမ္မာဆန္ဒဖြင့် စီမံ နိုင်ခွင့် အဖွဲ့၏ အလုပ် အမှုဆောင်လူကြီးများ တွင် အာဏာရှိစေရမည်။

(ဂ) ရှိနှင့်ပြီး အဆောက်အအုံဟောင်း တစုံတရာကို ပြုပြင် မွမ်းမံရန်သော် လည်း ကောင်း, အသစ် တိုးချဲ့ ဆောက်လုပ်ရန်သော် လည်းကောင်း ကုသိုလ်ရှင် တဦးတယောက်က အဖွဲ့ကြီးအား ခွင့်တောင်းလာလျှင် မူလ အလှူ ရှင် ဒါယကာ (နှင့်) ၎င်း၏ အမွေခံ အမွေ စားများ + တရားဝင် ကိုယ်စားလှယ်များက ကန့်ကွက်ရန် တစုံတရာ ရှိ/မရှိကို (၁၅) ရက် အောက် မနည်း ကြော်ငြာ၍ စုံစမ်းရမည်။

အကယ်၍ မူလ အလှူရှင် ဒါယကာ (နှင့်) ၎င်း၏ အမွေခံ အမွေစားများ (သို့မဟုတ်) တရားဝင် ကိုယ်စားလှယ်များက ကန့်ကွက်၍ ပြင်ဆင်ရန် (သို့မဟုတ်) အသစ်ပြင်၍ ဆောက်လုပ်ရန် လိုသည်များကို ၎င်းတို့ကပင် ပြုလုပ်ပါမည်ဟု တာဝန်ခံယူကြလျှင် ထို မူလ အလှူရှင်များကို ဦးစားပေးသော အားဖြင့် အမှုဆောင် အဖွဲ့က သတ်မှတ်ထားသော အချိန်ကာလအတွင်း ပြုလုပ်ရန် အခွင့်အရေး ပေးရမည်။

မူလ အလှူရှင်များ အဆက်ပြတ်၍သော်လည်းကောင်း, အဆက်အနွယ်ပင် ကျန်သော်လည်း မစွမ်းဆောင် နိုင်ကြ၍သော် လည်းကောင်း သတ် မှတ် ပေး ထား သည့် အချိန်ကာလ အပိုင်းအခြား အတွင်း မပြင်ဆင်နိုင် မဆောက်လုပ်နိုင်ပါက စေတီတော်ကြီးများ (နှင့်) ကျောင်းတိုက်၏ တိုးတက်ရာ တိုးတက်ကြောင်းကို ရှေးရှုပြီး ဦးစွာပထမ အသစ်ပေါ်လာသည့် ကောင်းမှုရှင်များအား အခွင့်အရေး ပေးရမည်။

(ဃ) မိုးမိတ်စေတီတော်ကြီးများ (နှင့်) တိပိဋက = နိကာယ ကျောင်းတိုက် ဝတ္တုကံ နယ်မြေ အတွင်း၌ အဖွဲ့၏ သဘောတူညီမှု မရရှိပဲ အလှူခံခြင်း + အဆောက်အအုံသစ် ဆောက်လုပ်ခြင်းများကို တားမြစ် ပိတ်ပင်နိုင်ခွင့် ဤအဖွဲ့ကြီး၌ ရှိစေရမည်။

(င) မိုးမိတ် စေတီတော်ကြီးများ (နှင့်) တိပိဋက = နိကာယ ကျောင်းတိုက်၏ ဝတ္တုကံ နယ်မြေအတွင်းရှိ အဖွဲ့ပိုင် စရပ်+တန်ဆောင်း+ ကျောင်း+ကန်+ဥယျာဉ် စသည်တို့၌ အဖွဲ့ကြီး အား တစုံတရာ ပန်ကြား လျှောက်ထားခြင်း မရှိပဲ အခမဲ့ အစိုးတရ တက်ရောက် နေထိုင် ခွင့် မရှိစေရ။

အကယ်၍ ခွင့်ပြုချက်အရ နေထိုင်လာသည့် တိုင်အောင် အဖွဲ့မှ သတ်မှတ်ထားရှိသည့် စည်း ကမ်းချက်များကို ဖောက်ဖျက် ကျူးလွန်ခဲ့လျှင် တို့ နေထိုင်ရာဌာန အဆောက်အအုံမှ နှင်ထုတ် နိုင်ခွင့် ဤအဖွဲ့၌ ရှိစေရမည်။

(စ) မိုးမိတ်စေတီတော်ကြီးများ (နှင့်) တိပိဋက = နိကာယ ကျောင်းတိုက်၏ အရာမ်

ဝတ္ထုကံမြေ အစိတ်အပိုင်း တစုံတရာပေါ်တွင် သာသနာရေးနှင့် မသက်ဆိုင်သော အမြဲတမ်း အဆောက်အအုံ တစုံတရာ ဆောက်လုပ်ခြင်း မရှိစေရ။

## (၁၃)။ ။ဘဏ္ဍာတော် ထိန်းသိမ်း စောင့်ရှောက်မှု (နှင့်) စီမံ ခန့်ခွဲမှု။

(က) ရန်ကုန် (နှင့်) မန္တလေးမြို့ရှိ အလုပ် အမှုဆောင် လူကြီးများသည် မိုးမိတ် စေတီတော်ကြီးများ (နှင့်) တိပိဋက=နိကာယ သာသနာပြုအဖွဲ့အား လှူဒါန်းအပ်သော ဝတ္ထု ပစ္စည်း အရပ်ရပ်နှင့် ဝင်ငွေ သုံးငွေများကိုပါ စာရင်း အမှန်အကန် စည်းကမ်းတကျ အပြည့် အစုံ ရေးမှတ် ပြုလုပ်ထားစေရမည်။ ၎င်း ငွေစာရင်းများကို အလုပ် အမှုဆောင်များ၏ အများသဘောတူ ရွေးချယ် တင်မြှောက်ထား သော အမှုဆောင် လူကြီးများက ရေးမှတ် တင်သွင်း လက်မှတ် ရေးထိုးရမည်။

(ခ) စေတီတော်ကြီးများ၏ ဝတ္ထုကံမြေ အတွင်းရှိ လှူဒါန်းသည့် ဝတ္ထု ပစ္စည်းများ

ထည့်သောအလှူခံသေတ္တာကိုသော့ခလောက်ဖြင့် ကောင်းမွန် လုံခြုံစွာ ခတ်ထားရမည်။သော့ကို ဘဏ္ဍာရေးမှူး လူကြီးလက်တွင် ထားရှိပြီး အမှုဆောင်သုံးဦး ရှေ့မှောက်တွင် ဖွင့်ရမည်။ နာယက ဆရာတော် တပါးပါး ရှေ့မှောက်တွင် ဖွင့်သောနေ့၌ စာရင်း ပြုလုပ်၍ ကိုယ်တိုင်လက်မှတ် ရေးထိုးကြရမည်။ ထိုစာရင်း လက်ခံတခုကိုလည်း အမှုဆောင် အဖွဲ့ဝင် ပုဂ္ဂိုလ်များ အချိန်မရွေး ကြည့်ရှုနိုင်ရန် ထားရှိရမည်။

(ဂ) အထက် ဖော်ပြရာပါ သေတ္တာအတွင်း၌ရှိသော ငွေအားလုံးနှင့် အခြားနည်းများဖြင့် အရပ်ရပ်မှ ရရှိသော ကြေးငွေများကို ဘဏ္ဍာရေးမှူးလက်သို့ ချက်ချင်း အပ်နှံရမည်။ ဘဏ္ဍာရေးမှူး၏လက်တွင် ငွေကျပ်(၁၀,၀၀၀/၀၀) ထက် ပို၍ မထားရ။

(ဃ) မိုးမိတ် စေတီတော်ကြီးများ ပြုပြင်ထိန်းသိမ်း စောင့်ရှောက်ရေးအတွက်၊ (နှင့်) တိပိဋက=နိကာယ သာသနာပြု အဖွဲ့နှင့် ကျောင်းတိုက်တို့အတွက် လှူဒါန်း ရရှိသော ငွေကြေးများကို သီးသန့် ခွဲခြား ထားရှိပြီး

ဘဏ်တွင် အပ်နှံထားရမည်။ ထိုသို့ အပ်နှံရာတွင် အမှုဆောင်အဖွဲ့မှ သတ်မှတ်ပေးသည့်အတိုင်း ငွေပဒေသာပင်+လက်ငင်းသုံးငွေ + ဆုနှင်းရန်ပုံငွေ+ဆွမ်းပဒေသာပင်+အဆောက်အအုံရန်ပုံငွေ စသည်ဖြင့် ငွေစာရင်း ခေါင်းစဉ်သေးကလေးများဖြင့် ခွဲခြား၍ သီးခြား အပ်နှံထားရှိရမည်။ ငွေပဒေသာပင်ဟု သတ်မှတ်ပြီးသော ဝတ္ထုကြေးငွေများမှ အတိုးကိုသာသုံးစွဲရမည်။ ပင်မ အပ်နှံငွေကို လုံးဝ မထိပါးစေရ။

(င) အစိုးရဘဏ်၌ ငွေကြေး အပ်နှံသောအခါ ဥက္ကဋ္ဌနှင့် ဘဏ္ဍာတော်ထိန်း၊ အုပ်ချုပ်မှု နာယက ဆရာတော်တပါးတို့ အမည်များပါဝင်၍တိပိဋက = နိကာယ သာသနာပြုအဖွဲ့အမည်ဖြင့် အပ်နှံရမည်။ ရန်ကုန် ဌာနခွဲတွင် အမှုဆောင် အဖွဲ့၏ ဆုံးဖြတ်ချက် ရယူပြီးတိပိဋက = နိကာယ သာသနာပြု အဖွဲ့ခွဲအမည်ဖြင့် အပ်နှံရမည်။

(စ) အလုပ် အမှုဆောင် အဖွဲ့တွင် အခါကာလ အားလျော်စွာ အဖွဲ့က အတည်ပြု

သတ်မှတ်ထားသော အဖွဲ့၏ အမည်ပါ တံဆိပ်တုံးတခု ထားရှိ စေရမည်။ ၎င်းတံဆိပ်တုံးကို ဘဏ္ဍာရေးမှူး (နှင့်) တာဝန်ကျ အမှုဆောင်လူကြီးထံတွင် ထိန်းသိမ်း ထားရှိပြီး အဖွဲ့ပိုင် စာအုပ် စာတမ်းများနှင့် မှာကြားစာ အရပ်ရပ်ပေါ်တွင် ခတ်နှိပ် ပါရှိစေရမည်။

## (၁၄)။ ။အလုပ်အမှုဆောင် အဖွဲ့များ။

မိုးမိတ် စေတီတော်ကြီးများနှင့် စပ်လျဉ်းသည့် လုပ်ငန်း အရပ်ရပ်တို့နှင့် တိပိဋက=နိကာယ သာသနာပြု လုပ်ငန်းတို့မှ အပ်နှံထားသော ဘဏ္ဍာတော် ပစ္စည်းများ၊ သာသ နိက အဆောက် အအုံများ အားလုံးကို ထိန်းသိမ်းစောင့်ရှောက် ပြုပြင် မွမ်းမံမှု စီမံအုပ်ချုပ် လုပ်ဆောင်မှုတို့အတွက် အလုပ်အမှုဆောင် အဖွဲ့ကို (၇) ခုနှစ်နှစ် တကြိမ် အုပ်ချုပ်မှု နာယက ဆရာတော်များက ဖွဲ့စည်းပေးပြီးလျှင် အောက် ဖော်ပြပါ ပုံစံအတိုင်း အမှုဆောင်များကို အသီးသီး ရွေးကောက် တင်မြှောက်ရမည်။

မိုးမိတ် စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေးအဖွဲ့ (နှင့်) တိပိဋက=နိကာယ သာသနာပြုအဖွဲ့ အလုပ်အမှုဆောင် လူကြီးများတွင်–

| | | |
|---|---|---|
| ဥက္ကဋ္ဌ | – | (၁) ယောက် |
| ဒု–ဥက္ကဋ္ဌ | – | (၂) ယောက် |
| အကျိုးတော်ဆောင် | – | (၁) ယောက် |
| တွဲဖက်အကျိုးဆောင် | – | (၂) ယောက် |
| ဘဏ္ဍာတော်ငွေထိန်း | – | (၁) ယောက် |
| စာရင်းကိုင် | – | (၁) ယောက် |
| စာရင်းစစ် | – | (၁) ယောက် |
| ပြန်ကြားရေးမှူး | – | (၂) ယောက် |

အားဖြင့် စုစုပေါင်း (၁၁) ယောက် ပါဝင်ပြီး ရန်ကုန်ဌာနခွဲ၌အလုပ်အမှုဆောင်ကို လုပ်ငန်းပမာဏအားဖြင့် သင့်တော်သလို လျော့နည်း၍ဖွဲ့စည်းနိုင်သည်။

ရန်ကုန်နှင့် မန္တလေး အဖွဲ့ခွဲတို့သည် သီးခြား ဘဏ္ဍာတော်ငွေ ထိန်းသိမ်းခြင်း၊ စည်းဝေး ဆောင်ရွက်ခြင်း ပြုလုပ်နိုင်စေရမည်။

သို့သော် အပြန်အလှန် အကြောင်းကြား အသိပေး၍ ညှိနှိုင်းရမည်။

ဖော်ပြရာပါ အဖွဲ့ခွဲတို့သည် လုပ်ငန်းပမာဏ အလျောက် တွဲဖက် အမှုဆောင်လူကြီးများကို ရွေးချယ်တင်မြှောက်ပြီး ပူးတွဲ ဆောင်ရွက်စေနိုင်သည်။

## (၁၅)။ ။အလုပ် အမှုဆောင် အဖွဲ့၏ တာဝန် ဝတ္တရားများ။

ဥပါသကာ အမှုဆောင်လူကြီးအားလုံးတို့သည် အောက်ပါ တာဝန်ဝတ္တရားများကို လိုက်နာ ဆောင်ရွက်ကြရမည်။

(က) အမှုဆောင် အဖွဲ့သည် ဥက္ကဋ္ဌ၏ အမိန့်အရ လပတ် အစည်းအဝေး၊ အထူး အစည်းအဝေး (နှင့်) နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးများကို အချိန်မှန်မှန် ခေါ်ယူ ကျင်းပပေးရမည်။

(ခ) မိမိတို့ အဖွဲ့ကြီးနှင့် စေတီတော်ကြီးများ၊ တိပိဋက = နိကာယ ပရိယတ္တိသာသနာပြု လုပ်ငန်းများ၏ တိုးတက်ရာ တိုးတက်

ကြောင်းများကို အမြဲရှေးရှု ဆောင်ရွက်ကြရမည်။

(ဂ) ဆုံးဖြတ်ချက် ချမှတ်ပြီးသော လုပ်ငန်းစဉ်များကို ဖြစ်မြောက် အောင်မြင်ရန် အထူးလုံ့လစိုက်၍ ကြိုးစား ဆောင်ရွက်ကြရမည်။

(ဃ) အမှုဆောင် ပုဂ္ဂိုလ်များလည်း မိုးမိတ် စေတီတော်ကြီးများ၏ နောက်ခံသမိုင်းကြောင်းများနှင့် တိပိဋက=နိကာယ သာသနာပြုအဖွဲ့တို့၏ လုပ်ငန်းများ ခေတ်ကာလ အခြေအနေအလျောက် တိုးတက်လာပုံ၊ ဆုတ်ယုတ်လာပုံများကို လေ့လာမှတ်သားပြီးလျှင် ဒါယကာ+ဒါယိကာမတို့အား သဒ္ဓါတရားပွားများလာအောင် တတ်စွမ်းနိုင်သလောက် ဟောပြော ဆောင်ရွက်ကြရမည်။

(င) အမှုဆောင်အားလုံးတို့သည် အဖွဲ့၏ စည်းမျဉ်း ဥပဒေများကို ရိုသေစွာ လိုက်နာကျင့်သုံးကြရမည်။

(စ) သတ်မှတ်ထားသော အဖွဲ့ပိုင် နယ်မြေအတွင်း နေထိုင်သီတင်းသုံးကြမည့် ရဟန်း

+ သာမဏေ + သီလရှင် + လူပုဂ္ဂိုလ်များ အတွက် အမှုဆောင်အဖွဲ့မှ စည်းကမ်း သတ်မှတ်ပေးရမည်။

## ၁၆။ ဥက္ကဋ္ဌ၏ သီးခြား ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားများ။

(ဥက္ကဋ္ဌသည် အောက်ပါ တာဝန်ဝတ္တရားများကို ဆောင်ရွက်ရမည်။) ၎င်းတို့မှာ-

(က) အဖွဲ့၏ အစည်းအဝေးများ ပြုလုပ်တိုင်း သဘာပတိအဖြစ် ဆောင်ရွက်ရမည်။

(ခ) အဖွဲ့ကိစ္စအဝဝနှင့် အမှုဆောင်အဖွဲ့၏ လုပ်ငန်းရပ်များကို စစ်ဆေးဆုံးဖြတ်ပေးရမည်။

(ဂ) မဲခွဲရသောကိစ္စမျိုး၌ နှစ်ဘက် အင်အား ညီမျှနေသော် အဖွဲ့၏ ဂုဏ်သိက္ခာကို ရှေးရှု၍ မိမိသဘောကျရာဘက်သို့ မဲပေးနိုင်သည်။

(ဃ) အဖွဲ့၏ ဆုံးဖြတ်ချက်များ အောင်မြင်ရေးကို ရှေးရှု၍ ညွှန်ကြားပေးရမည်။

(င) အဖွဲ့၌ ကျရောက်မည့်အန္တရာယ်ကို ကြိုတင် ကာကွယ်ရမည်။

(စ) အစည်းအဝေး ဆုံးဖြတ်ချက်များမှ ဖိတ်စာများ, အသင်း၏ ဆက်သွယ်စာများ၌ လည်းကောင်း, ဘဏ္ဍာရေး မှူးထံမှ ငွေထုတ် ယူသည့်အခါ၌ လည်းကောင်း အတွင်းရေးမှူး နှင့် တွဲဖက်၍ ကိုယ်တိုင် လက်မှတ်ရေးထိုး ရမည်။

(ဆ) ဘဏ္ဍာရေး အခြေအနေအလျောက် အဖွဲ့မှ သတ်မှတ်ထားသည့်အတိုင်း တကြိမ် လျှင် (၁၀၀၀) ကျပ်တထောင်ထက် မပိုသော ငွေကို ဘုရားကိစ္စ အရပ်ရပ်အတွက် လည်း ကောင်း, တိပိဋက = နိကာယ သာသနာပြု လုပ်ငန်းများအတွက် လည်းကောင်း ဆောင် ရွက်နိုင်ရေးအတွက် ထုတ်ပေးနိုင်ခွင့် (နှင့်) သုံးစွဲနိုင်ခွင့်အာဏာ ရှိစေရမည်။

## ၁၇။ ဒု-ဥက္ကဋ္ဌများ၏ တာဝန်ဝတ္တရားများ။

ဒု-ဥက္ကဋ္ဌများသည် ပဌမဥက္ကဋ္ဌ၏ တာဝန် ဝတ္တရားများကို တွဲဖက် တာဝန်ယူ၍ ဆောင် ရွက်ရမည့်အပြင် ပဌမဥက္ကဋ္ဌ မရှိသည့်အခါတွင် လည်းကောင်း, ပဌမ ဥက္ကဋ္ဌက တာဝန်

ပေးအပ်လာလျှင် လည်းကောင်း ၎င်း၏ ကိုယ်စား ဆောင်ရွက်ကြရမည်။

**၁၈။ အကျိုးတော်ဆောင်၏ သီးခြား ဆောင်ရွက်ရမည့် တာဝန်ဝတ္တရား များ။**

အကျိုးတော်ဆောင်သည် အောက်ပါတာဝန် ဝတ္တရားများကို ဆောင်ရွက်ရမည်။ ၎င်းတို့မှာ—

(က) အဖွဲ့ကိစ္စ အဝဝတို့ကို ဥက္ကဋ္ဌနှင့် တိုင်ပင်ဆောင်ရွက်ရမည်။

(ခ) အဖွဲ့ အစည်းအဝေးတိုင်း၌ အကျိုးတော်ဆောင် (အခမ်းအနားမှူး) အဖြစ်ဖြင့် ဆောင်ရွက်ရမည်။

(ဂ) အစည်းအဝေး ဆုံးဖြတ်ချက်များကို မှတ်တမ်းတင်ထားရမည်။

(ဃ) ပြီးခဲ့သော အစည်းအဝေး မှတ်တမ်းကို နောက်တကြိမ်အစည်းအဝေး၌ တင်ပြနိုင်ရမည်။

(င) အဖွဲ့၏ ဝင်ငွေ+ထွက်ငွေနှင့် အသေး သုံးကိစ္စ အရပ်တို့ကို သိရှိထား၍ အဖွဲ့ဝင်များ ကို သိလိုသောအခါ ရှင်းပြရမည်။

(စ) အဖွဲ့၏ လုပ်ငန်း အရပ်ရပ် တို့ကို အစည်းအဝေး၌ တင်ပြရမည်။

(ဆ) အဖွဲ့နှင့် သက်ဆိုင်သည့် စာပေး/ စာယူ ကိစ္စများကို ဆောင်ရွက်ရမည်။

(ဇ) အဖွဲ့၏ သက်ဆိုင်ရာ စာများနှင့် ဖိတ်စာ/ဆက်သွယ်စာ များတွင် ကိုယ်တိုင် လက်မှတ် ရေးထိုးရမည်။

(ဈ) အဖွဲ့၏ စာရွက် စာတမ်း များကို စာရင်း အစီအစဉ်နှင့် ထားရှိရမည်။

(ည) အကျိုးတော်ဆောင်သည် (၅၀၀) ကျပ် ငါးရာထက် မပိုသော ငွေများကို ဘုရား ၏ ကိစ္စ (နှင့်) တိပိဋက=နိကာယ သာသနာပြု လုပ်ငန်းအတွက် လတ်တလော ဆောင်ရွက် ရမည့် ကိစ္စတွင် အထွေထွေ အသုံးများ၌ သုံးစွဲနိုင်ခွင့် ရှိစေရမည်။

## ၁၉။ တွဲဖက် အကျိုးဆောင်များ၏ တာဝန် ဝတ္တရား။

တွဲဖက် အကျိုး ဆောင်များသည် ပဌမ အကျိုးဆောင်၏ တာဝန်.ဝတ္တရား များကို တွဲဖက်တာဝန်ယူ၍ ဆောင်ရွက်ရမည့် အပြင် ပဌမ အကျိုးတော်ဆောင် မအားလပ်သော အခါ(နှင့်)၎င်းက တာဝန်ပေးအပ်လာသော အခါတို့၌ ၎င်း၏ ကိုယ်စား ဆောင်ရွက်ကြ ရမည်။

## ၂၀။ ဘဏ္ဍာရေးမှူး၏ တာဝန်ဝတ္တရားများ။

ဘဏ္ဍာရေးမှူးသည် အောက် ဖော်ပြရာပါ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရမည်။ ၎င်းတို့မှာ—

(က) တလအတွင်း ဝင်ငွေ/ထွက်ငွေနှင့် ကျန်ငွေများကို ပြည့်စုံစွာ ဖော်ပြ ပါရှိသော ငွေစာရင်းများ ပြုပြင် ရေးသား၍ အစည်း အဝေးတိုင်း၌ တင်ပြရမည်။

(ခ) ဥက္ကဋ္ဌ (နှင့်) အကျိုးတော်ဆောင် လက်မှတ် (သို့မဟုတ်) ၎င်းတို့က လွှဲအပ်

သော အမှုဆောင်၏ လက်မှတ်ပါမှ ငွေထုတ်ပေးရမည်။

(ဂ) စာရင်းစစ် စစ်ဆေး ကြည့်ရှုပြီးသော စာရင်းများကို နှစ်ပတ်လည် အစည်းအဝေး၌ စာရင်းချုပ်ရှင်းတမ်း ပြုလုပ်၍ တင်ပြရမည်။

(ဃ) အမှုဆောင် အဖွဲ့ဝင်များ (နှင့်) အသင်းသားများက ကြည့်ရှု စစ်ဆေးလိုလျှင် (၇) ခုနစ်ရက် ကြိုတင် အကြောင်းကြားပါက ကြည့်ရှုစစ်ဆေးနိုင်ရန် လက်ခံစာအုပ်၊ ဖြတ်ပိုင်း၊ ပြေစာ၊ စာရင်း ရှင်းတမ်းများ ပြုလုပ်ထားရမည်။

(င) အရပ်ရပ် ကောက်ခံ ရရှိထားသော အလှူငွေများကို စာရင်းနှင့်တကွ လက်မှတ်ရေးထိုး၍ လက်ခံယူရမည်။

(စ) အဖွဲ့က သတ်မှတ် ထားသော (၁၀၀၀၀ိ/၀၀) ကျပ် ငွေတသောင်းထက် ပိုလွန်သော ဘဏ္ဍာငွေကို ဘဏ္ဍာရေးမှူးသည် မိုးမိတ် စေတီတော်များ ပြုပြင် စောင့်ရှောက်

ရေး (နှင့်) တိပိဋက=နိကာယသာသနာပြု အဖွဲ့ကြီး၏ ညွှန်ကြားထားသော ဘဏ်တိုက်တခုခုတွင် အပ်နှံထားရမည်။

## ၂၁။ စာရင်းကိုင်၏ တာဝန် ဝတ္တရားများ။

(က) နေ့စဉ်+လစဉ် ပေးပို့ လာသော စာရင်းများကို စစ်ဆေး၍ ဘဏ္ဍာတော် ငွေထိန်းထံ တင်ပြရမည်။

(ခ) စာရင်းများ အားလုံးကို စနစ်တကျ သိမ်းဆည်း ထားရှိပြီး ဘဏ္ဍာတော် ငွေထိန်း၏ ညွှန်ကြားချက်အရ တလအတွင်း ဝင်ငွေ၊ ထွက်ငွေ စာရင်းကို မှန်မှန် ပြုစု ထားရှိရမည်။

## ၂၂။ စာရင်းစစ်၏ တာဝန် ဝတ္တရားများ။

စာရင်းစစ်သည် အောက် ဖော်ပြရာပါ တာဝန် ဝတ္တရားများကို ဆောင်ရွက်ရမည်။ ၎င်းတို့မှာ—

(က) လစဉ်စာရင်း (နှင့်) နှစ်ချုပ်စာရင်း ရှင်းတမ်းများကို စစ်ဆေး လက်မှတ် ရေးထိုးရမည်။

(ခ) တစုံတရာ စာရင်းနှင့် ပတ်သက်၍ မကျေနပ်ဖွယ်ရာများ တွေ့ရှိခဲ့လျှင် အမှုဆောင်အဖွဲ့သို့ အကြောင်းကြားရမည်။

(ဂ) ဘဏ္ဍာရေးမှူးအား (၇) ခုနစ်ရက် ထက်မနည်း ကြိုတင် အကြောင်းကြားပြီး စာရင်း စစ်ဆေးခြင်း ပြုလုပ်နိုင်သည်။

(ဃ) လိုအပ်ပါက အမှုဆောင်အဖွဲ့သည် ပြင်ပ စာရင်းစစ်ကို ခေါ်ယူ စစ်ဆေးရန် ဆောင်ရွက်ပေးရမည်။

## ၂၃။ ပြန်ကြားရေးမှူး၏ တာဝန် ဝတ္တရားများ။

ပြန်ကြားရေးမှူးသည် မိုးမိတ်စေတီတော်ကြီးများ (နှင့်) တိပိဋက = နိကာယ သာသနာပြု အဖွဲ့တို့နှင့် ပတ်သက်၍ သမိုင်းကြောင်း ရာဇဝင်ကြောင်းများသာမက ခေတ်ကာလအလျောက် တိုးတက်မှုအရပ်ရပ် ပြုပြင် မွမ်းမံမှုကိစ္စ အဝဝတို့နှင့် လုပ်ငန်းစဉ်များကို သိရှိနားလည်ထားပြီးလျှင် စည်ပင်ပြန့်ပွား တိုးတက်ရာ တိုးတက်ကြောင်းများကို

အစဉ်အမြဲ ရှေးရှုလျက် အချိန် အခါအား လျော်ညီစွာ သတင်းစာမှ လည်းကောင်း, စာအုပ်+စာတန်း+နှိုးဆော်စာ များမှ လည်း ကောင်း တိုင်းပြည် လူထုအား ရှင်းလင်း တင်ပြရမည်။

## ၂၄။ တွဲဖက် အမှုဆောင် များ၏ တာဝန် ဝတ္တရားများ။

တွဲဖက် အမှုဆောင်များသည် အောက်ပါ တာဝန် ဝတ္တရားများကို ဆောင်ရွက်ကြရမည်။ ၎င်းတို့မှာ—

(က) အမှုဆောင် အဖွဲ့၏ ကိစ္စ အဝဝ တို့ကို သိရှိနားလည်ထား၍ တိပိဋက=နိကာယ သာသနာပြု အဖွဲ့ (နှင့်) မိုးမိတ် စေတော်ကြီး များ၏ တိုးတက်ရေးကို အမြဲ ရှေးရှုကြရမည်။

(ခ) အမှုဆောင် အစည်း အဝေးမှ လို အပ်သော အကူအညီများ တောင်းဆိုခဲ့လျှင် အကြံအား ဉာဏ်အားနှင့်အတူ အကူအညီများ စွမ်းအားရှိသလောက် ပေးကြရမည်။ ပေးအပ် သော တာဝန်တို့ကို ထမ်းဆောင် ကြရမည်။

(ဂ) တာဝန်ခံ အမှုဆောင် တဦးဦး၏ နေရာ လစ်လပ်ခဲ့သော် လည်းကောင်း, (သို့မဟုတ်) ဌာနတခုခု တိုးချဲ့ခဲ့သော်လည်းကောင်း တွဲဖက် အမှုဆောင်မှ ယာယီ တက်ရောက်၍ တာဝန်ယူ ထမ်းဆောင် နိုင်ခွင့်ရှိစေရမည်။

## ၂၅။ အစည်းအဝေးများ။

### (က) အမှုဆောင် အစည်းအဝေး။

အမှုဆောင်အဖွဲ့၏ အမှုဆောင် အစည်းအဝေးကို တတ်နိုင်လျှင် တလတကြိမ် အစည်းအဝေး ခေါ်ယူနိုင်သည်။ ၎င်း အစည်းအဝေးတွင် လစဉ် ဆောင်ရွက်ခဲ့ပြီးသော လုပ်ငန်းရပ်များကိုမှတ်တမ်းတင်ခြင်း, ဝေဖန်ဆွေးနွေးခြင်းများ ပြုလုပ်၍ လုပ်ငန်း သစ်များ,ရှေ့ရေးအစီအစဉ်များကို တင်ပြ ဆွေးနွေးကြရမည်။

### (ခ) အရေးပေါ် (သို့မဟုတ်) အထူး အစည်းအဝေး။

၎င်းအစည်းအဝေးကို ရုတ်တရက် ရှောင်တခင် ဆောင်ရွက်ရမည့် လတ်တလောအရေး

ပေါ်ပေါက်ခဲ့သော် အကြောင်း လုံလောက်ပါက အစည်းအဝေး ကျင်းပရမည်။ (တနည်းအားဖြင့်) အဖွဲ့ဝင်ဦးရေ သုံးပုံ တပုံ လက်မှတ်ရေးထိုး၍ "အရေးပေါ် အစည်းအဝေး ပြုလုပ်ပေးပါ" ဟု တောင်းဆိုလျှင် အမှုဆောင်အဖွဲ့က ပြုလုပ် ကျင်းပ ပေးရမည်။

## (ဂ) သင်းလုံးကျွတ် အစည်းအဝေး။

အုပ်ချုပ်မှု သံဃနာယကများ ဂုဏ်ထူးဆောင် နာယကများ (နှင့်) တွဲဖက် အမှုဆောင်များ ပါဝင်သော ၎င်းအစည်းအဝေးကို (၆) လ တကြိမ် (သို့မဟုတ်) တနှစ်တကြိမ် (သို့မဟုတ်) အကန့်အသတ်မရှိ အခြေအနေအရ ခေါ်ယူ ကျင်းပရမည်။ ခြောက်လပတ် စာရင်းရှင်းတမ်း တစောင် ထုတ်ဝေဖြန့်ချီနိုင်ရမည်။

၎င်း အစည်းအဝေးကို နှစ်ပတ်လည်တိုင်း သင့်လျော်မည့်နေ့ တနေ့တွင် ခေါ်ယူ ကျင်းပရမည်။ ၎င်းနှစ်ပတ်လည် အစည်းအဝေးကြီးမှ တနှစ်အတွက် ရ/သုံး ငွေစာရင်း တင်ပြခြင်း၊

ပြီးစီးအောင်မြင်ခဲ့သော လုပ်ငန်းများကိုတင်ပြ အစီရင်ခံခြင်း၊ တနှစ်အတွက် ဆောင်ရွက်ခဲ့ရာတွင် အောင်မြင်မှု + ဆုံးရှုံးမှု အရပ်ရပ်တို့ကို တင်ပြ ဆွေးနွေး ဝေဖန်ခြင်း၊ (၇) ခုနစ်နှစ် တကြိမ် အမှုဆောင်သစ် ရွေးချယ် တင်မြှောက်ခြင်း (နှင့်) ရှေ့လာမည့် နှစ်အတွက် လုပ်ငန်းစဉ် ချမှတ်ပေးခြင်းများကို ပြုလုပ်ရမည်။

## ၂၆။ အစည်း အဝေးနှင့် ပတ်သက်၍ လိုက်နာရမည့် စည်းကမ်းများ။

(က) အစည်း အဝေး ဖိတ်စာ များကို အကျိုးတော်ဆောင်သည် ဥက္ကဋ္ဌ၏ အခွင့်အမိန့် ခံယူ၍ လည်းကောင်း, (သို့မဟုတ်) ဥက္ကဋ္ဌ၏ ညွှန်ကြား ချက်ဖြင့်သော် လည်းကောင်း အစည်းအဝေး ပြုလုပ်မည့် နေရာနှင့် နေ့ရက်+ အချိန်နာရီ+အစည်းအဝေး ပြုလုပ် လိုသည့် ကိစ္စရပ်များကို ပြည့်စုံစွာ ဖော်ပြပြီးလျှင် ရိုးရိုး အစည်းအဝေးများကို အစည်းအဝေး မတိုင်မီ (၁) ရက်, နှစ်ပတ်လည် အစည်းအဝေး ကြီးကို (၇) ခုနစ်ရက်က ကြိုတင်၍ နာယက

(နှင့်) အမှုဆောင် နှစ်ရပ်မှ လူကြီးများထံ အကြောင်း ကြားထားရမည်။

(ခ) အစည်းအဝေးအတွက် ဖိတ်ကြားစာ ရရှိပါလျက် လိုအပ်သော အလုပ်အမှုဆောင်ဦးရေ ပြည့်စုံစွာ မတက်ရောက်ခဲ့လျှင် အစည်းအဝေးကို ရွှေ့ဆိုင်းရမည်။ ထိုရွှေ့ဆိုင်းသောရက်တွင် လိုအပ်သော အဖွဲ့ဝင်ဦးရေ ပြည့်စုံစွာ တက်ရောက်သည်ဖြစ်စေ၊ မတက်ရောက်သည် ဖြစ်စေ ကိစ္စ အရပ်ရပ် တို့ကို ဆုံးဖြတ်ချက်ချ၍ ဆောင်ရွက်နိုင်ရမည်။

(ဂ) အမှုဆောင် အစည်း အဝေး၌ ယေဘုယျအားဖြင့် အဖွဲ့ဝင်၊(သို့မဟုတ်) ဆိုင်ရာ အမှုဆောင် ပုဂ္ဂိုလ်တို့ သုံးပုံ့တပုံ တက်ရောက်လျှင် အစည်းအဝေး ထမြောက် သည်ဟု ယူဆရမည်။

(ဃ) ဆန္ဒပေးလိုက်သော ပုဂ္ဂိုလ်သည် အစည်း အဝေးသို့ ကိုယ်တိုင် တက်ရောက်လာသော ပုဂ္ဂိုလ်များ၏ စာရင်းတွင် အပါအဝင် ဖြစ်စေနိုင်ရမည်။

(င) မည်သည့်ကိစ္စရပ်များကိုမဆို အများဆန္ဒကို ရယူ၍ ဆောင်ရွက်ရမည်။ အကယ်၍ တဘက်နှင့်တဘက် မဲဆန္ဒ အရေအတွက်ချင်း ညီမျှနေခဲ့လျှင် အစည်းအဝေး သဘာပတိသည် အပိုဒ် (၁၆) အရ မိမိ၏ မဲဆန္ဒကို အသုံးပြုနိုင်ခွင့် ရှိသည်။

(စ) အစည်းအဝေး သဘာပတိသည် အစည်းအဝေးတွင် ပါရှိသည့် ကိစ္စရပ်များ ဆောင်ရွက်ရေးကို စည်းမျဉ်း သတ်မှတ်ပေးရမည်။ သို့သော် အစည်းအဝေးတွင် ပဌမ ဆောင်ရွက်ရန်မှာ လွန်ခဲ့သည့် အစည်းအဝေး မှတ်တမ်းများကို မှန်ကန် ပြည့်စုံစွာ ရေးသားပြီးဖြစ်လျှင် (ရှိလျှင်) ဖတ်ကြား အတည်ပြုရန်၊ အကယ်၍ မှတ်တမ်း မှားယွင်း နေပါလျှင် မှန်ကန်အောင် ပြင်ဆင်၍ အဆိုပါ မှတ်တမ်းကို အတည်ပြုပေးရမည်။

(ဆ) အစည်းအဝေး သဘာပတိသည် အစည်း အဝေးတွင် ငြိမ်ဝပ် ပိပြားအောင် ကြည့်ရှု၍အုပ်ချုပ်ရမည့် အပြင် နည်းလမ်းကျ/

မကျ မေးမြန်းချက် အားလုံးကိုလည်း ၎င်းက ပင် ဆုံးဖြတ်ပေးရမည်။

(ဇ) ကိစ္စအရပ်ရပ် ဆောင်ရွက်ရာ၌ အမှုဆောင်အဖွဲ့သည် ကိစ္စ တရပ်အတွက် ကျပ်ငွေ (၁၀၀၀ိ) တထောင်ထက် မပိုသော သုံးငွေကိုသာ ဆုံးဖြတ်ချက် ချပေးနိုင်ပြီး (၁၀၀၀ိ) ကျပ်ငွေ တထောင်ထက် ကျော်လွန်သော ကိစ္စရပ်များ အတွက် အမှုဆောင် အစည်းအဝေး၏ သုံးပုံ နှစ်ပုံကသာ ဆုံးဖြတ်ချက် ချပေးနိုင်ခွင့် ရှိစေရမည်။

(ဈ) အစည်းအဝေးကျင်းပတိုင်း အဖွဲ့၏ ဥက္ကဋ္ဌသည် အပိုဒ်(၁၆) (က) အရ အစည်းအဝေး၏သဘာပတိ အဖြစ်ဖြင့် လည်းကောင်း, အကျိုးဆောင်သည် အပိုဒ် (၁၈) (ခ) အရ အခမ်းအနားမှူး အဖြစ်ဖြင့် လည်းကောင်း အမြဲတမ်း ဆောင်ရွက်သွားရမည်။

(ည) အစည်းအဝေးတိုင်း၌ အုပ်ချုပ်မှု နာယက ဆရာတော်များ၏ ဩဝါဒကို နာခံ ဆောင်ရွက်၍ ဆုံးဖြတ်ကြရမည်။

(ဋ) အုပ်ချုပ်မှုအဖွဲ့ နာယက ဆရာတော်များ၊ လူပုဂ္ဂိုလ် နာယကများနှင့် အမှုဆောင်လူကြီးများ၊ တွဲဖက် အမှုဆောင် လူကြီးများ၏ သာရေးနာရေးကိစ္စများ ကူညီရန် ပေါ်ပေါက်လာသောအခါ အမှုဆောင်အဖွဲ့သည် အုပ်ချုပ်မှု နာယက ဆရာတော် များနှင့် ညှိနှိုင်း၍ ကူညီဆောင်ရွက်ပေးရမည်။

## ၂၇။ ဥပဒေ၏ ခြွင်းချက်။

ဤဥပဒေတွင် သီးခြား ဖော်ပြထားခြင်း မရှိသေးသော အခြား ကိစ္စ အရပ်ရပ်တို့ကို အဖွဲ့၏ အစည်းအဝေးများမှ အများ၏ဆန္ဒနှင့် အညီ အုပ်ချုပ်မှု နာယက ဆရာတော်များသည် စီမံထုံးဖွဲ့ ပြဋ္ဌာန်းနိုင်ခွင့်အာဏာ ရှိစေရမည်။

(ဇယတ္တာ + ယံ)

စစ်ကိုင်းမြို့နယ် မင်းကွန်းတောင်ရိုးရှိ "မိုးမိတ် စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး (နှင့်) တိပိဋက = နိကာယ သာသနာပြု အဖွဲ့" ၏—

## လုပ်ကိုင် ဆောင်ရွက်ရမည့် အခြေခံ သတ်မှတ်ချက်များ

---

၁။ စေတီတော်ကြီးများနှင့် စပ်၍—

(၁) မိုးမိတ် စေတီတော်ကြီးများ၊ အရံစေတီတော်များနှင့် ထပ်မံတိုးချဲ့ ဆောက်လုပ်အပ်သော ပုထိုး စေတီ + ဆင်းတု ရုပ်တုအသီးသီး တို့အား အခါအားလျော်စွာ ကြည်ညိုဖွယ်ရာဖြစ်အောင် ပြုပြင်ကြရပါမည်။ စောင့်ရှောက် ထိန်းသိမ်းကြရပါမည်။

(၂) နှစ်စဉ် သတ်မှတ်ထားသည့် နေ့ရက်များတွင် ဗုဒ္ဓပူဇနီယ ပွဲတော် ဆွမ်းတော်ကြီး ကပ်လှူပွဲတော်ကို မပျက်မကွက် ကျင်းပကြရပါမည်။

(၃) ဗုဒ္ဓပူဇနီယ ပွဲတော်တွင် ပင့်သံဃာတော်များ (နှင့်) မင်းကွန်း တောင်ရိုးမှ သီလရှင် သူတော်စင်တို့အား စုပေါင်း လှူဒါန်းပွဲ ပါဝင်စေရပါမည်။

(၄) ဗုဒ္ဓပူဇနီယ ပွဲတော်တွင် တောင်ရိုးနှင့် ဂေါစရဂါမ် ကျေးရွာများမှ ဆွမ်းတော်ကြီးပွဲများ ပို့သ လှူဒါန်း နိုင်ရန်အတွက် စီစဉ်ပေးရပါမည်။

(၅) ဘုရားပွဲတော် အစနေ့ ညဉ့်တွင် ပွဲတော်ဖွင့်ပွဲအနေဖြင့် ဓမ္မကထိက ဆရာတော်တပါးပါးအား ပင့်၍ တရားပွဲ ကျင်းပရပါမည်။

(၆) ဘုရားပွဲတော် ရက်တွင် အသံမစဲ ပဋ္ဌာန်းတရား ရွတ်ဆိုပွဲ ပါဝင်စေရပါမည်။

(၇) ရှင်လေးရှင် ပူဇော်ရာ ဌာနဖြစ်၍ လိုအပ်လာလျှင် လိုအပ်သလို ထောက်ပံ့ ပူဇော်ချီးကျူးပွဲများ ပြုလုပ်ပေးရပါမည်။

## ၂။ တိပိဋက=နိကာယ သာသနာပြု အဖွဲ့၏ အခြေခံ လုပ်ငန်း သတ်မှတ်ချက်များ။

(၁) အဖွဲ့၏ တည်ရာ ဌာနသည် မင်းကွန်း တောင်ရိုး မိုးမိတ် စေတီတော်ကြီးများ ကုန်းမြေ၌ တည်ရှိရပါမည်။

(၂) မန္တလေး (နှင့်) ရန်ကုန် ဌာနခွဲများတွင် လုပ်ငန်း ပမာဏအလျောက် အမှုဆောင်များ၊ တွဲဖက်အမှုဆောင်များ ထားရှိ၍ ဆောင်ရွက်ရပါမည်။

(၃) အခြား မြို့များတွင် ''မင်းကွန်း တိပိဋက=နိကာယ သာသနာပြု အကျိုးတော်ဆောင် အဖွဲ့'' ဟု အမည်တပ်၍ ဆောင်ရွက်စေရပါမည်။

(၄) ထိုသို့ ဆောင်ရွက်ရာတွင် ပူးတွဲပါ တာဝန် ဝတ္တရားများကို တိကျစွာ လိုက်နာ ဆောင်ရွက်ကြရပါမည်။ [နောက်ဆက်တွဲ (*) (၁) ကို ကြည့်ပါ။]

(၅) ရန်ကုန် (နှင့်) မန္တလေးမြို့ ဌာနခွဲများတွင် သက်ဆိုင်ရာ ငွေစုဘဏ်တွင် လှူငွေ

အရပ်ရပ် ဘဏ္ဍာတော်များကို အပ်နှံပြီး အခြား မြို့+ရွာများမှ လှူငွေများကို ရန်ကုန်+မန္တလေး ဌာနခွဲများသို့ အသီးသီး ပေးပို့ အပ်နှံကြရပါမည်။

(၆) မင်းကွန်း တိပိဋကဓရ ဆရာတော်ဘုရား၏ ပူးတွဲပါကြေငြာစာတန်းဖြင့် လှူဒါန်းအပ်သော နဝကမ္မတို့ကို အချိန်မှန်မှန် ထုတ်ယူ၍ တိပိဋက=နိကာယ စာသင်သားတို့၏ ဆွမ်းဝေယျာဝစ္စအတွက် အသုံးပြုရပါမည်။ [နောက်ဆက်တွဲ (*) (၂) (၃) ကိုကြည့်ပါ။]

(၇) ဆရာတော်၏ တိပိဋက (နှင့်) နိကာယ စာသင်သားများသို့ ပင့်လျှောက်ချက် [ပူးတွဲပါနောက်ဆက်တွဲ (*) (၄)] စာအရ လှူဒါန်းအပ်သော-

(က) ဝိဝေကအရပ် အလှူ
(ခ) သင်္ကန်းအလှူ
(ဂ) ဆွမ်းအလှူ
(ဃ) ကျောင်းအလှူ

( င ) ဆေးအလှူတို့ကို

အောက်ဖော်ပြရာပါ သတ်မှတ်ချက်အရ ဆောင်ရွက်ကြရပါမည်။

(က) မိုးမိတ်စေတီတော်ကြီးများ၏ ကုန်းမြေသည် သဘာဝအားဖြင့် ဝိဝေကအရပ်ဖြစ်သော်လည်း ထိန်းသိမ်း စောင့်ရှောက်သူ၊ နေထိုင်သူ၊ လာရောက်ကြသူ အသီးသီး တို့ကြောင့် ဝိဝေကအဖြစ်မှ ပြောင်းလဲမသွားစေရန် ထိန်းသိမ်း ကြပ်မတ်ပေးရပါမည်။

(ခ) တနှစ်လျှင် သင်္ကန်းအလှူ သုံးကြိမ်လှူဒါန်းရန်အတွက် (၁) ဝါဆိုသင်္ကန်း၊ (၂) ကထိန်သင်္ကန်း (နှင့်) (၃) ဘုရားပွဲအလှူသင်္ကန်း (သို့မဟုတ်) ပဓာန တာဝန်ခံ နာယကဖြစ်တော်မူသော တိပိဋကဓရ ဆရာတော်ဘုရား၏ မွေးနေ့တွင် လှူဒါန်းရန် စီစဉ်ရပါပါမည်။

(အကယ်၍ အရှင်မြတ်များအတွက် သင်္ကန်းပြည့်စုံပြီး အခြား သံဃာ့အသုံးအဆောင်များ

အထူး လိုအပ်နေပါက လိုအပ်သလို ပြင်ဆင်ပြောင်းလဲ၍ လှူဒါန်း ကြရပါမည်။)

(ဂ) ဆွမ်း အလှူအတွက် တနေ့လျှင် အရုဏ်ဆွမ်း + နေ့ဆွမ်း + ညနေအဖျော်ယာမကာ + ည ဘုရား ဝတ်တက်အပြီး စတုမဓု ဆေးပစ္စည်းတို့ကို ကပ်လှူရပါမည်။ (၅ကိစ္စအတွက် ဆပ်ကော်မတီဖွဲ့၍ အုပ်ချုပ်လုပ်ကိုင်ဆောင်ရွက်စေရပါမည်။)

(ဃ) ကျောင်း အလှူအတွက် ကျောင်းဆောင်များ ဆောက်လုပ်ခြင်း၊ ပြုပြင်ခြင်း၊ ထိန်းသိမ်းခြင်း ကိစ္စ၌ ရေ + မီး + မိလ္လာ + ဥယျာဉ် + လမ်းပန်းဆက်သွယ်မှု ကိစ္စပါ ပါဝင်သဖြင့် ဆပ်ကော်မတီတရပ်ဖွဲ့၍ ဆောင်ရွက်စေရပါမည်။

(င) ဆေး အလှူအတွက် လိုအပ်သော ယာယီသုံးဆေးများ ထားရှိပေးရပါမည့်အပြင် မင်းကွန်းတိုက်နယ် ဆေးရုံ ဆရာဝန်၏ အကြံပေး ညွှန်ပြချက်အရ ဂိလာန ပုဂ္ဂိုလ်တို့အတွက် လိုအပ်သလို ဆောင်ရွက်ပေးရပါမည်။

## ၃။ တိပိဋက = နိကာယ စာသင်သားများ အတွက်။

တိပိဋက = နိကာယ ဗုဒ္ဓ စာပေများကို ကျက် + အံ + ကြိ + ကြည့်၍ သီတင်းသုံး နေထိုင်တော် မူကြမည့် သံဃာ တော်များ အတွက်-

(က) ကြွရောက် သီတင်းသုံးနေထိုင်ရန် အတွက် လက်ခံခြင်း၊

(ခ) သီတင်းသုံး နေထိုင်စဉ် အတွင်း အချင်းချင်း ကတိကဝတ် ထားရှိ၍ နေထိုင် တော်မူကြခြင်း၊

(ဂ) စာအောင် သံဃာများအား ဂုဏ်ပြု ပူဇော်ပွဲ ကျင်းပခြင်း၊

(ဃ) လိုအပ်လာပါက နေထိုင်ခွင့် အချိန် ကာလ သတ်မှတ်ခြင်း စသည်တို့ကို အုပ်ချုပ်မှု နာယက ဆရာတော်များ အဖွဲ့မှ မူချမှတ်၍ ညွှန်ကြားတော် မူသည့်အတိုင်း ဆောင်ရွက် ကြရပါမည်။

သံဃကိစ္စနှင့် ပတ်သက်၍ အခြား ပေါ်ပေါက်လာသည့် (ပေါ်ပေါက်လာမည့်) ကိစ္စအဝဝတို့ကို အုပ်ချုပ်မှု နာယကဆရာတော်များ ကသာလျှင် စီမံ ဆောင်ရွက်ရမည်ဖြစ်ပါသည်။

## ၄။ အခြား အထွေထွေကိစ္စများ။

(၁) အလုပ်အမှုဆောင် လူကြီးတဦးဦး၏ သတ်မှတ်ထားသော တာဝန်ဝတ္တရားများကို မူလတာဝန်ဟု သတ်မှတ်၍ ဆောင်ရွက်ကြရပါမည့်အပြင် အမှုဆောင် တဦးချင်း၏ လုပ်ငန်းတာဝန် ဆက်စပ်မှု ရှိပါက ညှိနှိုင်း ဆောင်ရွက်ကြရပါမည်။

(၂) ရာသက်ပန် အဖွဲ့ဝင်အဖြစ် ရဟန်း+ရှင်+သီလရှင်+ဗုဒ္ဓ ဘာသာဝင်များ ပါဝင်နိုင်ပြီး ကျပ်ငွေ (၁၀၀) တရာ လှူဒါန်းထည့်ဝင်၍ ပါဝင်ခွင့် ရှိစေရပါမည်။ (သို့မဟုတ်) ဝင်ကြေး (၁၀)၊ လစဉ် တစ်ဆယ်ကျပ် ဆယ်လ ပေးသွင်း၍သော် လည်းကောင်း၊ ဝင်ကြေး (၁၀)၊နှစ်စဉ်ကြေး တစ်ဆယ်ကျပ် ပေးသွင်း၍သော် လည်းကောင်း ပါဝင်နိုင်ခွင့် ရှိစေရပါမည်။

(၃) လှူဒါန်း ထားသော ငွေကြေးနှင့် ပစ္စည်းအရပ်ရပ်တို့သည် ပရိယတ္တိ သာသနာ တော်အား လှူဒါန်း ထားခြင်း ဖြစ်ပါ၍ ဆောင်ရွက်သူ ပုဂ္ဂိုလ် အသီးသီးတို့သည် ဝန်ဆောင်ပုဂ္ဂိုလ် = ကပ္ပိယ ကာရကများသာ ဖြစ်စေရပါမည်။ ဆိုလိုသည်မှာ- အုပ်ချုပ်မှု နာယက ဆရာတော်များ၏ လမ်းညွှန်ပေး တော်မူကြသည့် အတိုင်း ဆောင်ရွက်ကြရ ပါမည်။

(၄) အလှူရှင်တို့မှ ရည်ညွှန်း၍ နိဗဒ္ဓ လှူဒါန်းထားသော ဝတ္ထုကြေးငွေ၊ ပစ္စည်း စသည်တို့ကို အချိန်မီ ဆက်သွယ်၍ ရယူပြီးလျှင် အဖွဲ့၏ စည်းမျဉ်းဥပဒေသတ်မှတ်ချက်အတိုင်း ဆောင်ရွက်ရပါမည်။

(ဥပမာ) လစဉ်+နှစ်စဉ်ကြေး လှူငွေများ, ရာသက်ပန် ဆွမ်းအလှူများ, ငွေပဒေသာပင် အလှူများ, ဝေယျာဝစ္စအလှူများ, ဆုနှင်း ရန်ပုံငွေအလှူများ, ဌာန အသီးသီးသို့ ခွဲဝေ လှူဒါန်း ထားသည့် မန္တလေးမြို့ ဒါးတန်း

ဘုရားအမကြီး ဒေါ်ဒေါ်သန်း၊ မိတ္ထီလာမြို့ ဦး ဘသာ၊ မင်းကွန်း တိပိဋကဓရ ဆရာတော် ဘုရား၏ မြို့+မ+ဆင် ဋ္ဌေပဒေသာပင်အလှူ စသည်တို့ ဖြစ်ပါသည်။

(၅) အမြဲတမ်း ဆပ်ကော်မတီဖွဲ့၍ ဆောင်ရွက်ရမည်ဖြစ်သော ဆွမ်းကွမ်း ဝေယျာ ဝစ္စ ဧည့်ခံ ကျွေးမွေးရေး ဆပ်ကော်မတီ၊ စေတီ ပုထိုး ကျောင်းကန် အဆောက်အအုံ ဥယျာဉ်နှင့် သွားလာဆက်သွယ်ရေး ဆပ်ကော် မတီတို့နှင့် အခါအားလျော်စွာ ယာယီဖွဲ့စည်း မည့် ဆပ်ကော်မတီများသည် မိမိတို့၏ လုပ် ငန်းစီမံချက်များ ရေးဆွဲပြီး နည်းဥပဒေများ လုပ်ထုံးလုပ်နည်းများကိုပါ ရေးသား၍ အမှု ဆောင် ကော်မတီသို့ တင်ပြလျက် အတည်ပြု ချက်ရယူပြီး ဆောင်ရွက် ကြရပါမည်။ အမှု ဆောင် လူကြီးများကလည်း စုပေါင်းညီညာ စွာ အဖွဲ့၏အများ ဆန္ဒကို ရယူ၍ လမ်းညွှန်မှု အကြံ ပေးချက်များကို အခါအားလျော်စွာ ညွှန်ပြ ကူညီကြရမည်ဖြစ်ပါသည်။

# နောက်ဆက်တွဲ (*) (၁)

စစ်ကိုင်း မြို့နယ်၊ မင်းကွန်း တောင်ရိုး၊ မိုးမိတ် ကုန်းမြေရှိ မိုးမိတ် စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေးနှင့်

တိပိဋက = နိကာယ သာသနာပြု အဖွဲ့ကြီး၏ မြို့နယ် / ရပ်ကွက် အကျိုးတော်ဆောင် ရွေးချယ်ခြင်းနှင့် တာဝန်ဝတ္တရားများ။

၁။ (က) မြန်မာပြည် အတွင်းရှိ မြို့နယ်/ရပ်ကွက် အသီးသီးမှ အဖွဲ့ကြီး၏ သာသနာပြု လုပ်ငန်းများအား အထောက်အကူ ပြုလိုသော ဆန္ဒရှိရာ မြို့နယ် / ရပ်ကွက်များတွင် မြို့နယ် ရပ်ကွက် အကျိုးတော်ဆောင် လူကြီးအား (အဖွဲ့ကြီး၏) အမှုဆောင်အဖွဲ့က အသိအမှတ် ပြုပေးရမည်။

(ခ) အဆိုပါ လူကြီးမင်းက လူမှုရေး၊ သာသနာရေး အဖွဲ့အစည်းများ အုပ်ချုပ်ရေးဘက်ဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပြီး လိုအပ်ပါက ပူးပေါင်း ကူညီဆောင်ရွက်မှုကို ရယူရမည် ဖြစ်သည်။

၂။ ဆောင်ရွက်ရန် လုပ်ငန်းများ။

(က) အဖွဲ့ကြီးမှ ချမှတ်ညွှန်ကြား အကူအညီ ပေးရန် မေတ္တာ ရပ်ခံလာသည့် သာသနာရေးကိစ္စများကို ဆောင်ရွက်ရမည်။

(ခ) မိမိကိုယ်တိုင်လည်း တိပိဋက = နိကာယ သာသနာပြုအဖွဲ့ဝင်အဖြစ် ပါဝင်ရမည်ဖြစ်ပြီး ပါဝင်လိုသူ ဗုဒ္ဓဘာသာ ဥပါသကာ ဥပါသိကာတို့အားလည်း ပါဝင်နိုင်ရန်အတွက် ဆောင်ရွက်ပေးရမည်။

(ဂ) မိုးမိတ်စေတီတော်ကြီးများ ပြုပြင်စောင့်ရှောက်ရေး အတွက် လည်းကောင်း၊ နှစ်စဉ်ကျင်းပမြဲဖြစ်သော ဘုရား

ပွဲတော်တွင် နိစ္စဘတ် လှူဒါန်းလျက် ရှိသော လှူဖွယ် ပစ္စည်းများကို အလှူခံခြင်း၊ လှူဒါန်းသူများထံမှ လက်ခံရယူခြင်း ပြုလုပ်ပြီး ဆိုင်ရာ တာဝန်ခံ အမှုဆောင် လူကြီးမင်းများထံ ဆက်လက်ပေးပို့ကြရပါမည်။

(ဃ) တိပိဋက = နိကာယ ကျောင်းတိုက်သို့ လာရောက်နေထိုင် သီတင်းသုံးပြီး တိပိဋကနိကာယ စာပေများ သင်အံလေ့ကျက် လိုကြသော သံဃာတော်များ ရွေးချယ်ခြင်း၊ ပို့ဆောင်ပေး ခြင်း များ ကိစ္စများကို အထက်ဗမာပြည်၊ အောက်ဗမာပြည်အမှုဆောင်လူကြီး အသီးသီးတို့နှင့် ဆက်သွယ်၍ ဆောင်ရွက် ပေးရပါမည်။

(င) တိပိဋက = နိကာယကျောင်းတိုက်နှင့် အဖွဲ့ကြီး၏ ပရိယတ္တိ သာသနာပြုလုပ်ငန်းအား–

(၁) ပိဋကတ်စာအုပ်များ၊ စာရေးကိရိယာများ

(၂) သင်္ဘါကြေးငွေ
(၃) လစဉ်ကြေးငွေ
(၄) နှစ်စဉ်ကြေးငွေ
(၅) ငွေပဒေသာပင် အမျိုးမျိုး
(၆) ဆွမ်း သင်္ကန်း ကျောင်း ဆေး ပစ္စည်း လေးပါးနှင့် သံဃာတော်များအတွက် အသုံးအဆောင်များတို့ကို လိုအပ်သလို အလှူခံခြင်း၊ လာရောက်လှူဒါန်းကြသူများထံမှ လက်ခံယူရခြင်း ပြုလုပ်ပြီး ဆိုင်ရာ အလုပ်အမှုဆောင်အဖွဲ့ထံ ဆက်လက်ပေးပို့ရပါမည်။

(စ) နှစ်စဉ် မြန်မာခုနှစ် ကုန်ဆုံးရက်တွင် စာရင်းပိတ်၍ စာရင်း ရှင်းတမ်း တစောင် အမှုဆောင်အဖွဲ့ထံ ပေးပို့ရပါမည်။

(ဆ) အမှုဆောင် အဖွဲ့၏ ညွှန်ကြားမေတ္တာရပ်ခံအပ်သည့် ဖော်ပြပါအဖွဲ့ကြီး၏ သာသနာပြုလုပ်ငန်း ဆောင်ရွက်ရာ

တွင် . မှားယွင်းမှုများ ပေါ်ပေါက်လာပါက အမှုဆောင်အဖွဲ့၏ အဆုံးအဖြတ်အတိုင်း လိုက်နာရမည် ဖြစ်ပါသည်။

အဖွဲ့ဝင်အဖြစ် ပါဝင်၍ သာသနာပြုလုပ်ငန်းဆောင်ရွက်လိုသူများတို့သည်–

၁။ ဝင်ကြေး ၁၀/– နှစ်စဉ်ကြေး ၁၀/– ပေးသွင်း၍ လည်းကောင်း၊

၂။ ဝင်ကြေး ၁၀/– ပေးသွင်းပြီး လစဉ်ကြေး ၁၀/– ပျက်ကွက်မှုမရှိပဲ ဆယ်လတိတိ ပေးသွင်းပြီးသောအခါ ရာသက်ပန် အဖွဲ့ဝင်အဖြစ် လည်းကောင်း၊

၃။ အပြီးအပိုင် တကြိမ်တည်း ကျပ်ငွေတရာတိတိ ပေးသွင်း၍ ရာသက်ပန် အဖွဲ့ဝင်အဖြစ် လည်းကောင်း ပါဝင်နိုင်ပါသည်။

ရာသက်ပန် အဖွဲ့ဝင် ဖြစ်သူတိုင်းအား ဂုဏ်ပြု မှတ်တမ်းတင် ကတ်ပြားကြီးတွင် နာယက ဆရာတော်နှင့် ဥက္ကဋ္ဌ (သို့မဟုတ်)

နာယကလူကြီး တဦးဦး၏ လက်မှတ်ရေးထိုး အတည်ပြုလွှာ ရရှိမည်ဖြစ်ပြီး သတ်မှတ်ထား သော ရင်ထိုးတံဆိပ်တခု ရရှိမည် ဖြစ်ပါသည်။

## နောက်ဆက်တွဲ ( * ) ( ၂ )

မင်းကွန်း တိပိဋကဓရ ဆရာတော်
ဦးဝိစိတ္တသာရာဘိဝံသ ၏
တိပိဋကဓရ လစာ ဆွမ်းဆန်တော်ကို
နိကာယ် သာသနာတော်အား
ပူဇော် လှူဒါန်းသော
အကြောင်းအရာစာတန်း

(သိဒ္ဓိ ရတ္ထု)။ ။ အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင် ဆရာတော် ဘုရားကြီး၊ ဓမ္မစကြာ သုံးဆယ်ပေး ဆရာတော်ဘုရားကြီးများ အမှူးပြုသော ပင့်သံဃာ အရှင်မြတ်များနှင့် တကွ ဓမ္မနာဒတိုက်သား သံဃာတော် အရှင်မြတ်တို့ ဘုရား....

တပည့်တော်သည် (၁၃၁၅) ခုနှစ်၊ တပို့တွဲလဆန်း (၁၀) ရက်နေ့မှ အစပြု၍ နိုင်ငံတော် အစိုးရက တိပိဋကဓရ ဘွဲ့တံဆိပ်နှင့်

တကွ လစဉ်လစဉ် ဆွမ်းဆန်တော် အလှူငွေ (၃၁၃/၀၀) သုံးရာတစ်ဆယ့်တစ်ကျပ်၊ ထို့ပြင် (တပည့် နှစ်ယောက်ပါ) ကုန်း+ရေ+လေ အခမဲ့ သွားလာနိုင်ခွင့် လက်မှတ် လှူဒါန်းသည်ကို ခံယူရရှိခဲ့ပါသည် ဘုရား။

ယနေ့ (၁၃၃၉-ခု၊ တပို့တွဲလဆန်း ၁၁ ရက်နေ့) ဆိုလျှင် တပည့်တော်၏အဖို့ တိပိဋကဓရဘွဲ့ (နှင့်) အလှူတော်ငွေ ရခဲ့သည်မှာ (၂၄) နှစ် တင်းတင်းပြည့်၍ (၂၅) နှစ်မြောက် ရောက်ခဲ့ပါပြီ ဘုရား။ တပည့်တော်၏ အဖို့ရာ ဤမျှ နှစ်ပရိစ္ဆေဒ (၂၄) နှစ်ကြာ နိုင်ငံတော် အစိုးရက လစဉ်လစဉ် ဆွမ်းဆန်တော် (၃၁၃/၀၀) သုံးရာ တစ်ဆယ့် တစ်ကျပ်ကျ လှူဒါန်းသည်ကို ခံယူရရှိပြီး ဖြစ်ပါ၍ မိမိ၏ အပန်းအနွမ်းများ ပြေငြိမ်းသွားပြီဟု ယူဆ ဝမ်းမြောက်ရပြီ ဖြစ်ပါ၍ ယခု (၂၅) နှစ်မြောက်မှစ၍ ကြွင်းကျန်သော နှစ်ပရိစ္ဆေဒ ကာလရှည်ကြာ နိုင်ငံတော် အစိုးရက ဆက်လက်၍ လှူဒါန်းမည့် ဆွမ်းဆန်တော် အလှူဒါနကို သာသနာတော်အား ထိရောက်စွာ

လှူဒါန်းလိုသော ကုသိုလ် ဆန္ဒ ပြင်းပြစွာ ဖြစ်ရှိနေပါသည် ဘုရား။

သို့ပါ၍ တပည့်တော်သည် ယခု (၁၃၃၉)] ခု၊ တပို့တွဲလ (၁၉၇၈) ခု၊ ဖေဖော်ဝါရီလမှ စ၍ မိမိရပိုင်ခွင့်ရှိသော တိပိဋကဓရ လစဉ် ဆွမ်းဆန်တော် (၃၁၀/၀၀) သုံးရာတစ်ဆယ် တစ်ကျပ်ကျကို မင်းကွန်းတောင်ရိုးရှိ "မိုးမိတ်စေတီတော်ကြီးများ ပြုပြင် စောင့်ရှောက်ရေး ဂေါပကအဖွဲ့သို့" ကပ္ပိယ ကာရက အဖြစ် အပ်နှင်း၍ ထိုအဖွဲ့က–

နိကာယ် စာမေးပွဲ၊ တိပိဋကဓရ စာမေးပွဲ တို့ကို ဝင်ရောက်ဖြေဆို + ဖြေဆိုတော် မူလို ကြပါလျက် ဘောဇနသပ္ပါယ မမျှတခြင်း၊ စာကျက်၍ အထူးရစေနိုင်မည့် ဝိဝေက အရပ် ကို မရရှိခြင်းတို့အတွက် စာပေခရီး နှေးဖင့် နေကြရသော သီတင်း သုံးဖော် ညီတော် သာသနာ့ အာဇာနည်အလျာ ရဟန်းတော် အရှင်မြတ်များအား ထိုမိုးမိတ်ဂေါပကအဖွဲ့က တာဝန်ယူ၍ မင်းကွန်း တောင်ရိုး မိုးမိတ် စေတီတော်ကြီးများ တောင်ကုန်းမြေ၌ နေရာ

ထိုင်ခင်း (နေထိုင်ခွင့်) ပေးလှူရန် (နှင့်) ထို အရှင်မြတ်များအား တပည့်တော် လှူအပ် သော လစာဆွမ်းဆန်တော်(၁၁၁/၀၀)သုံးရာ တစ်ဆယ့်တစ်ကျပ်ကို မူလ (မ) တည်၍ လိုအပ်သေးပါက ဂေါပကအဖွဲ့မှ ဒကာပေါ် အောင် ဆောင်ရွက်လျက် နေ့စဉ်(စာကျက် + စာကြည့် နေသမျှ ကာလပတ်လုံး) သပ္ပါယ ဘောဇဉ် ဆွမ်း အဖျော်ယမကာ ဆေးပစ္စည်း လှူဒါန်း နိုင်ရန်အတွက် နိကာယ်ငါးရပ် ပိဋ ကတ် သာသနာတော်အား လှူဒါန်းပါသည် ဘုရား။

''နိကာယ်ငါးဖြာ၊ သာသနာ၊
ရောင်ဝါ နေသို့ ထွန်းပါစေ''

**ပုံ/ဦးဝိစိတ္တသာရာဘိဝံသ**

မမ္မနာဒတိုက်၊ မင်းကွန်း

(၁၁/၁၁/၃၉) (၁၀/၂/၇၀)။

# နောက်ဆက်တွဲ (*)(၃)

မင်းကွန်း တိပိဋကဓရ ဆရာတော်
ဦးဝိစိတ္တသာရာဘိဝံသ ၏
အဂ္ဂမဟာပဏ္ဍိတ ဆွမ်းဆန်တော်အလှူကို
နိကာယ်ငါးရပ်ပဋိကတ်သာသနာတော်အား
လှူဒါန်းသော စာတန်း

❀

(သိဒ္ဓိ ရတ္ထု)။ ။အဂ္ဂမဟာပဏ္ဍိတ အရိယမဂ္ဂင် ဆရာတော်ဘုရားကြီး(နှင့်) ဓမ္မစကြာသုံးဆယ်ပေးဆရာတော်ဘုရားကြီး ၂ ပါးတို့ အမှူးပြုသော ဓမ္မနာဒတိုက် နာယကအဖွဲ့ဝင် ဆရာတော်များကိုသက်သေထား၍တပည့်တော် ရှိသေ့စွာ လျှောက်ထားပါသည် ဘုရား။

အကြောင်းမှာ.... တပည့်တော်အား နိုင်ငံတော် အစိုးရက (၁၃၄၀) ပြည့်နှစ်၊ ပြာသိုလဆန်း (၇) ရက်၊ (၁၉၇၉) ခု၊

ဇန်နဝါရီလ (၄) ရက် လွတ်လပ်ရေးနေ့က အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ် ဆက်ကပ်ကြောင်း ကြေငြာ၍ (၁၃၄၁) ခုနှစ်၊ နယုန်လပြည့် မဟာသမယနေ့၊ (၁၉၇၉) ခု၊ ဇွန်လ (၉) ရက်၊ စနေနေ့က ဆဋ္ဌသံဂါယနာ မဟာပါသာဏ လိုဏ်ဂူတော်၌ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို သာသနာရေးဝန်ကြီး(ဗိုလ်မှူးချုပ် ဦးစိန်လွင်) ကိုယ်တိုင် ကြီးစွာသော အခမ်းအနား ကျင်းပ၍ ဆက်ကပ် လှူဒါန်းခဲ့ပါသည်ဘုရား။

ထို အဂ္ဂ မဟာ ပဏ္ဍိတ ဘွဲ့တံဆိပ်တော် အတွက် နိုင်ငံတော် အစိုးရက နှစ်စဉ် လှူဒါန်းမြဲဖြစ်သော ဆွမ်းဆန်တော်ကို နှစ်စဉ် လှူဒါန်းမည်မှာ အမှန်ပင် ဖြစ်ပါသည်ဘုရား။

ထို နိုင်ငံတော် အစိုးရက လှူဒါန်းမည့် အဂ္ဂမဟာ ပဏ္ဍိတ ဆွမ်းဆန်တော်စရိတ် လှူဒါန်းနေကျတနှစ်လျှင် (၇၅၀/၀၀) ခုနစ်ရာ့ငါးဆယ် (သို့မဟုတ် အသစ်တဖန် တိုးတက်ပြင်ဆင်၍ လှူဒါန်းလျှင်လည်း ထို တိုးတက်ပြင်ဆင် လှူဒါန်းမည့် ဆွမ်းဆန်တော်ဝတ္ထု)

တို့ကို တပည့်တော်၏ ကိုယ်ရေးကိုယ်တာ အတွက် အသုံးမပြုပဲ (တိပိဋကဓရ လစာဆွမ်း ဆန်တော်ကိုကဲ့သို့) နိကာယငါးရပ် ပိဋကတ် သာသနာတော်အား ဓမ္မဒါနမိတ္တဗဟိုညဏ်ကို ဆုမွန်း၍ လှူဒါန်းပါ၏ဘုရား။ ဓမ္မဒါနညဏ်ကို ဆုမွန်း၍ လှူဒါန်းပါ၏ဘုရား။

ထို တပည့်တော် လှူဒါန်း အပ်သော အဂ္ဂမဟာ ပဏ္ဍိတ နှစ်စဉ် ဆွမ်းဆန်တော်ကို "မင်းကွန်းတောင်ရိုး မိုးမိတ်ကုန်းမြေ တိပိဋ က = နိကာယ သာသနာပြုအဖွဲ့" က ကပ္ပိယ ကာရကအဖြစ် ရွက်ဆောင်၍ ထို တိပိဋက = နိကာယ ကျောင်းတိုက်သို့ လာရောက်၍ တိပိ ဋကစာပေ + နိကာယ စာပေတို့ကို ကျက်+အံ + ကြံ + ကြည့်ကြသော တိပိဋက စာသင် သားကြီးများ၊ နိကာယ စာသင်သားကြီးများ ပစ္စည်းလေးပါးဖြင့် မငြိုမငြင် မပင်မပန်းစေ ရန် (တိပိဋကဓရလစာ ဆွမ်းဆန်တော်ကို ကဲ့သို့) ပရိယတ္တိ သာသနာတော် အတွက် အသုံးပြုရန် တိပိဋက = နိကာယ သာသနာပြု

အဖွဲ့သို့ ကပ္ပိယ ကာရကအဖြစ် ရှက်ဆောင်ရန် အပ်နှင်းပါသည်ဘုရား။

**ဣဒံ မေ ပုညံ မဂ္ဂဖလဉာဏဿ ပစ္စယော ဟောတု။** (၃ ခေါက်)

ဦးဝိစိတ္တသာရာဘိဝံသ

မမ္မနာ၁ဒတိုက်၊ မင်းကွန်း၊

၁၃၄၁-ခု၊ နယုန်လပြည့်ကျော် (၁၃) ရက်၊

၁၉၇၉-ခု၊ ဇွန်လ (၂၂) ရက်၊ ဗုဒ္ဓ-နေ့။

## နောက်ဆက်တွဲ (*) (၄)

**''နိကာယ်ငါးဖြာ၊ သာသနာ၊**
**ရောင်ဝါ နေသို့ ထွန်းပါစေ''**

နိကာယ်ငါးရပ် ပိဋကတ်စာမေးပွဲ ဝင်လိုသူ အရှင်မြတ်များသို့—

နိကာယ် စာမေးပွဲ (နှင့်) တိပိဋကဓရ စာမေးပွဲတို့ကိုဝင်ရောက်ပြန်ဆို + ဖြေဆိုတော်မူလိုကြပါလျက် ဘောဇနသပ္ပါယကို မရနိုင်ခြင်း၊ နေရာထိုင်ခင်းအတွက် စာကျက် + စာကြည့်ရန် အထူးသင့်လျော်သော ဝိဝေကအရပ်ကို မရရှိခြင်းတို့ကြောင့် မျှော်မှန်းချက် စာပေခရီး နှေးဖင့်နေကြသော သာသနာ့အာဇာနည်အလျာ ရဟန်းတော် အရှင်မြတ်တို့ဘုရား....

အရှင်မြတ်တို့ အဖို့ရာ ဘောဇနသပ္ပါယ မမျှတခြင်း၊ ဝိဝေကအရပ်ကို မရရှိခြင်း၊ ဤ အခက်အခဲ နှစ်ရပ်ကို လွန်မြောက် နိုင်ရန်

တပည့်တော်သည် ယခု (၁၃၃၉) ခု၊ တပို့တွဲလ၊ (၁၉၇၈-ခု၊ ဖေဖော်ဝါရီလ) မှ စ၍ မိမိအား နိုင်ငံတော် အစိုးရက လစဉ် လှူဒါန်းထောက်ပံ့သော "တိပိဋကဓရ လစာ ဆွမ်းဆန်တော်" ကို မင်းကွန်းတောင်ရိုးရှိ "မင်းကွန်း မိုးမိတ် စေတီတော်များ ဂေါပကအဖွဲ့" သို့ ကပ္ပိယအဖြစ် ဆောင်ရွက်ရန် အပ်နှင်း၍ အရှင်မြတ်တို့ စိတ်အေးချမ်းသာစွာ စာကျက်+စာကြည့်နိုင်ရန် နိကာယ် သာသနာတော်အား ပူဇော် လှူဒါန်းပြီး ဖြစ်ပါသည်။

မင်းကွန်း မိုးမိတ် ဂေါပကအဖွဲ့က ထို တပည့်တော် လှူဒါန်းသော တိပိဋကဓရ လစာ ဆွမ်းဆန်တော်ကို မူလ (မ) တည်၍ လိုအပ်လျှင် လိုအပ်သလို ဒကာပေါ်ပေါက်အောင် ဆောင်ရွက်လျက်-

(၁) အရှင်ဘုရားတို့ ဆွမ်းမခံရပဲ စိတ်အေးချမ်းသာစွာ စာကျက်+စာကြည့်နိုင်ရန် (နှင့်)

(၂) အရှင်ဘုရားတို့ ဆိတ်ငြိမ်သော နေရာရရှိရေးအတွက် မင်း ကွန်း တောင် ရိုး ရှိ မိုးမိတ်စေတီတော်များ ကုန်းမြေ၌ ချမ်းသာစွာ

နေထိုင်နိုင်ရန် တာဝန်ယူ၍ စီမံပေးရန် သဘော တူညီပြီး ဖြစ်ပါသည်။

သို့ပါ၍ အလိုရှိသော အရှင်မြတ်များသည် ''မိုးမိတ် စေတီတော်များ ပြုပြင် စောင့်ရှောက် ရေး (နှင့်) တိပိဋက = နိကာယ သာသနာပြု အဖွဲ့'' အမှုဆောင် ပုဂ္ဂိုလ်များထံ ကြွရောက်၍ တိုင်ပင်ဆွေးနွေး စာရင်းပေးတော်မူကြပါရန် သာသနာရေးအတွက် အားတက်ဖွယ် သတင်း ကောင်း အကြောင်းကြား သိစေပါသည် အရှင် မြတ်တို့ဘုရား။

ဦးဝိစိတ္တသာရာဘိဝံသ
မင်းကွန်း တိပိဋကဓရ ဆရာတော်

မင်းကွန်းတောင်ရိုး
တိပိဋက=နိကာယကျောင်းတိုက်
သံဃာတော်တို့
အညီအညွတ် သတ်မှတ်ကြသော

# ကတိကဝတ် (၇)ပါး

(၁) နေ့ချင်းပြန် ကိစ္စဖြင့်ဖြစ်စေ၊ တရက် နှစ်ရက် ကြာမည့် ကိစ္စဖြင့်ဖြစ်စေ ခရီးထွက်ရန် ရှိလျှင် နာယက ဆရာတော် ဦးဇောတိက၊ (သို့မဟုတ်) အလှည့်ကျနာယကဆရာတော်ထံ လျှောက်ထား၍ ခွင့်ပြုလှာရမှ သွားကြမည်။

(၂) ရက်ရှည်ခရီးထွက်ရန် ကိစ္စပေါ်လာလျှင် အုပ်ချုပ်ရေး နာယကအဖွဲ့ ဆရာတော်များထံ၊ (သို့မဟုတ်) ဓမ္မနာဒ တိုက်အုပ်ဆရာတော်ထံ ပန်ကြား၍ ခွင့်ပြုလှာ ရရှိမှ သွားကြမည်။

(၃) အာဂန္တု သံဃာတော်များနှင့် ဆွေမျိုးဉာတိ ဒါယကာ ဒါယိကာမများ

ရောက်ရှိလာလျှင် ထိုဧည့်သည်တို့ ချမ်းသာရေး အတွက် စီစဉ် ဆောင်ရွက်နိုင်ရန် ဝေယံဘုံ မြင့် ဆရာတော်နှင့် ဂေါပကအဖွဲ့ ဒကာ ကြီးများထံ အချိန်မီ အကြောင်းကြားမည်။

(၄) ဧည့်သည် အာဂန္တုများ ရှိနေလျှင် မိမိတို့ စာပေကိစ္စကို ထိခိုက်မည် ဖြစ်ပါ၍ ရပ်ဝေးဧည့်သည်ဖြစ်ခဲ့မူ ဂေါပက၏ စီစဉ်မှုဖြင့် အများဆုံး (၅) ရက်ထက် မကျော်လွန်စေပဲ ဂေါပကအဖွဲ့မှ သတ်မှတ်ထားသော နေရာ၌ ထားရှိရန် သဘောတူညီကြသည်။

(၅) ဒါယကာ ဒါယိကာမတို့၏ သဒ္ဓါ တရား တိုးပွားသည်ထက် တိုးပွားစေရန် ဆွမ်း ဘုဉ်းပေးခြင်း စသော ထိုထိုကိစ္စတို့၌ ထေရစဉ် ဝါလိုက် သီတင်းသုံးတော်မူကြမည်။

(၆) တိပိဋက=နိကာယ ကျောင်းတိုက် အမည်ပါသော ယပ်တောင်များကို နာယက ဆရာတော်များ၏ အသုံးပြုရန် ညွှန်ကြားတော် မူသော အခါများတွင်သာ ယူဆောင်သွား ကြမည်။

(၇) ကျောင်းတိုက်တွင် သီတင်းသုံး နေထိုင်ခွင့်ပြုရန် ခွင့်ပန်စဉ်က အချင်းချင်း ထားရှိအပ်သော ကတိကဝတ်ကို တိကျစွာ လိုက်နာ ဆောင်ရွက်ကြမည်။

၍ တိပိဋက=နိကာယ ကျောင်းတိုက်နေ သံဃာတော် အရှင်မြတ်တို့သည် ချမ်းသာသုခ ဖြစ်ပွားရေးကို ရှေးရှု၍ အထက်ပါ တာဝန် တို့ကို လေးလေးစားစား လိုက်နာကြမည်။

**မင်းကွန်း တောင်ရိုး**
**တိပိဋက=နိကာယ ကျောင်းတိုက်မှ**
**သံဃာတော်များ၊ ၁၃၄၂-ခု။**

သာသနာ
ကြီးများပြုပြင်
ဝိ + သု + အာ
မ သံ အံ
မင်းကွန်းတောင်ရိုး